The Arakan International

# The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၁၂)
ဒီဇိမ်ဘာလ
၂၀၁၁ ခုနှစ်။

# တနှစ်တာအတွက်ပုဂ္ဂိုလ်

# Person of the Year



ကိုယ့်လိုအင်ဆန္ဒ၊ အတွေးအခေါ်၊ အယူအဆ၊ သဖေါ်တူမှု၊ မတူမှု၊ ထောက်ခံမှု၊ ကန့်ကွက်မှု အစဟိရေ အခြင်းအရာတိအားလုံးကိုငြိမ်းငြိမ်းချမ်းချမ်းနန့်လူသားဆန်ဆန်ထုတ်ဖေါ်တင်ပြခွင့်ရကတ်တေနိုင်ငံတိမှာတော့ ကေ ..... စာ (၈)



အမှန်မှာဗုဒ္ဓရား ဆင်းထုတော်များ၏ ကိုယ်တော်များဖြင့်ပြုလုပ်ထားသည့် မြောက်ဦးမှယင်းလမ်းများကို ခြီနင်းရန်ပင် မသင့်တော်ပါချေ။ သို့ဖြင့် ဗုဒ္ဓရားမြတ်စွာအပေါင်း၏ ကိုယ်တော်များသည် စစ်အီးကာလတွင် လမ်းခင်းသည့်တာဝန်ကို .... စာ (၁၄)



စူးစမ်းလေ့လာရေးအားကောင်းမှု၊ နဂိုရ်ပုံဖေါ်နိုင်စွမ်းအားကောင်းမှု၊ အတွေးအခေါ်ပိုင်းဆိုင်ရာရဲရင့်မှု၊ ဇာတ်ကောင်၊ ဇာတ်လမ်းပုံဖေါ်ပြောခြင်းအတတ်၌ပြောစမှတ်ပြုလောက်သည့်အထုံပါရမီများပါသည့် .... စာ (၁၆)




မျက်နှာဖုံးဆောင်းပါးကို စာမျက်နှာ(၈)တွင် စတင်ဖတ်ပါရန်

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။
*(သျှင်မဟာသီလဝံသ)*

"ပြဿနာကို မတိုက်ပါ ကေ့၊ ဆုံးဖြတ်ပါ"

"ကိစ္စတခုပြီးမြောက်လားခ ရေခါ ယင်းချင့်ရေ ပြီးလားပါဗျာယ်၊ ထားလိုက်ပါ၊ နောက်ကို အများကြီး လှည့်ကြည့် မနိန်ပါကေ့ဖိ၊ နောက်ထပ်ပန်းတိုင် အသစ်တခု ချမှတ်ဖို့လုပ်ပါ၊ ရှိသို့ချီတက်ပါ၊ ပန်းတိုင်ကို ရောက်အောင် လားပါ"

*ဂျော့ချ် စီ မာသျှယ်*
***အမေရိကန်စစ်ဗိုလ်ချုပ်ကြီး***

# အယ်ဒီတာ့စကား

လွန်ခရေ (၁၀) နှစ် တိတိကပါ။ ၂၀၀၁ ခုနှစ်၏ ဒီဇိမ်ဘာသလ ၃၁ ရက်နိမှာ ၂၁၇ ကြိမ်မြောက် 'ရခိုင်ဘုရင့်နိုင်ငံတော်ကျဆုံးနိအခမ်းအနား' တရပ်ကို ထိုင်းနိုင်ငံဘန်ကောက်မြို့က ဟိုတယ်ခန်းမကြီးတခုမှာ ကျင်းပခပါရေ။ လူအများကြီးရောက်တေ အင်တန်ကြီးရေ အခမ်းအနားတခုပါ။ ယင်းအခမ်းအနားမှာ အကျွန်က အခမ်းအနားမှူးပါ။ ယင်းနိက အခမ်းအနားအစီအစဉ်တိအားလုံး မပြီးခင်ချေမှာ အကျွန်စကားဆန်းချေတခွန်း ပြောလိုက်ပါရေ။ ယင်းချင့်ကဇာလဲဆိုကေ **'ရခိုင်သားတိရေ ကမ္ဘာမှာ ဂဏန်းအရီ အတော်ဆုံးလူမျိုး ဖြစ်ပါရေ"** ဆိုရေစကားပါ။ ဇာဖြစ်လို့လဲဆိုကေ အကျွန်ရို့ ကိုယ့်နိုင်ငံကျဆုံးလားစွာကိုကိုယ် မျိုးရိုးစဉ်ဆက်၊ ထုတ်မှာသပ်၊ လျောက်မှာသပ် ရီ ရီ ပနာ ပါလတ်ကတ်စွာ (ယင်းနိက) ၂၁၇ နှစ်မြောက်လားပါယာ။ 'နောက်ထပ်ဇာလောက် ထိရီကတ်ဖို့သိလဲ၊ ဂဏန်းအစွာလောက်ထပ်ပေါင်းကတ်ဖို့သိလဲ မသိပါယာ' လို့အကျွန်ပြောလိုက်ဖူးပါရေ။ အေဂု ယင်းထဲမှာ ဂဏန်း (၁၀) ထပ်လို့ထည့်ပေါင်းလိုက်ကတ်ပနာ ၂၂၇ ဖြစ်လားပါယာဒေ။

ယေကေလည်း အေနှစ်ကတော့ကေ စိကေ တဖွေချေလောက်ဖြေသိမ့်လို့ရစရာ၊ တနည်းအားဖြင့် အားတက်စရာချေတိ အထိုက်အလျောက်ဟိလာပါရေ။ ဇာဖြစ်လို့လဲ ဆိုကေ **အကြောင်းအမျိုးမျိုးကြောင့်ကမ္ဘာအနှံ့ရောက်နိန်ကတ်တေ ရခိုင်သားတိရေ ရောက်တေနိန်ရာ၊ ဖြစ်တေအခြေအနေထဲကနိန် အမျိုး၊ ဘာသာ၊ သာသနာ လွတ်မြောက်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်နန့်ကိုယ် အသိအမှတ်ပြုအခမ်းအနားချေတိ လုပ်လားကတ်စွာကို** အားရဖွယ်ရာတွိရ၊ မြင်ရ၊ ကြားရလို့ပင်ဖြစ်ပါရေ။

ယင်းအခမ်းအနားတိ၊ အဖြစ်အပျက်တိက ဇာကိုပြောနိန်ရေလဲဆိုကေ ***'ရခိုင်တိရေအကြောင်း အမျိုးမျိုးကြောင့်၊ အထူးသဖြင့်ကျွန်သက်ကရှည်ရှည်၊ စနစ်တကျကန့်သတ်၊ ချုပ်ချယ်၊ ဝါးမျိုခံထားရစွာက များများ၊ မျိုးဆက်နန့်ချီလို့ မဆင်မခြင်သောက်လာကတ်တေ အရက်က ဒရဟော ဖြစ်ကတ်တေအတွက် နဂိုရ်ရှိုးသားဖြူစင်တတ်တေ၊ သတ္တိဟိတတ်တေ၊ အမျိုး၊ ဘာသာ၊ သာသနာကိုထိပါးလာကေ ဟိသမျှအားနန့် မဟုတ်မခံတွန်းလှန်ပစ်ကတ်တတ်တေ ဇာတိသွီး၊ ဇာတိမာန်တိရေ ပြာဖုံးခံထားရရေမီးခဲတိပိုင်ပါ၊ အခြေအနေပီးစွာနန့် ပြန်လို့တောက်ဖို့ အဆင်သင့်ဟိတတ်နိန်ရေ'*** ဆိုစွာကိုပါ။

ယင်းအဖြစ်အပျက်တိကပြဆိုရေ ဒုတိယအချက်ကတော့ကေ ***'စနစ်တကျနန့်၊ နည်းမျိုးစုံနန့် အခွဲခံထားရ၊ အခွဲခံနိန်ကတ်ရသည့်တိုင် အမှန်မှာ ရခိုင်တိရေ စည်းလုံးတတ်တေလူမျိုးတမျိုးဖြစ်တေ၊ ညီညွတ်တတ်တေ လူမျိုးတမျိုးဖြစ်တေ၊ အတိုင်းအတာတခုထိ လိမ်လိမ်မာမာ၊ ပါးပါးနပ်နပ်နန့် လုပ်တတ်ကိုင်တတ်တေ လူမျိုးတမျိုးဖြစ်တေ'*** ဆိုစွာကိုလည်းကောက်ချက်ချလို့ရပါရေ။ အကျွန်ကတော့ကေ ယင်းမြင်ကွင်းတိကို ကြည့်၊ ယင်းအီးမေးလ်တိကိုဖတ်ယက်ပင်း အားရကြည်နူးမှုနန့်အတူ ပြုံးတတ်နိန်ပါယင့်။ ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအားလုံး၊ ညီအစ်ကို၊ မောင်နှမတိအားလုံးကို ချစ်ခင်လေးစားမှုနန့် ကျေးဇူးအထူးတင်နိန်မိပါယင့်။

အေလအတွက်မျက်နှာဖုံးဆောင်းပါးကို ၂၀၁၁ ခုနှစ်တိအတွင်းဖြစ်ကတ်၊ ပျက်ကတ်တေစွာတိကို အကျဉ်းချုပ်ပနာ ရှီးလားဖို့လို့ ရည်ရွယ်ထားစွာမှာ ဆန္ဒပြသမားတိ အားရစရာကောင်းလွန်းစွာကတကြောင်း၊ Time မဂ္ဂဇိန်းကလည်း **'ဆန္ဒပြသမား'** တိကို ၂၀၁၁ ခုနှစ်၏ **'တနှစ်တာအတွက်ပုဂ္ဂိုလ်'** လို့ ပပူနန်း ရှီးချယ်ဖေါ်ပြထားစွာကတကြောင်းရို့ကြောင့် ယင်းကိစ္စကို အသားပီးပနာ မျက်နှာဖုံးဆောင်းပါး ရှီးလိုက်ရပါရေ။

၂၀၁၂ နှစ်သစ်မှာ ရက္ခိုင်သူ၊ ရက္ခိုင်သား၊ ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး စိတ္တသုခ၊ ကာယသုခအပေါင်းနန့် ပြည့်စုံနှင်ကတ်ပါစီကြောင်း ဆုတောင်းဆန္ဒပြုလိုက်ပါရေ။

အားလုံးကျကျန်းမမာ၊ ချချမ်းသသာ ဟိကတ်ပါစီ။

ခင်မင်မှုဖြင့်

ဦးသိန်းမောင်



## ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။



## ဒုတိယပုဂံခေတ် ရက္ခိုင်မင်းမြတ်များ

(အေဒီ ၁၁၇၀ မှ အေဒီ ၁၂၅၀ ထိ)

၁၀။ ဧရက္ခိုင်
၁၁။ မင်းကြို
၁၂။ မင်းဆု
၁၃။ ရွှေသင်
၁၄။ မင်းခေါင်ကြီး
၁၅။ မင်းခေါင်ငယ်
၁၆။ ကမ္ဘာလောင်ကြီး
၁၇။ ကမ္ဘာလောင်ငယ်
၁၈။ သကျဝင်ကြီး
၁၉။ သကျဝင်ငယ်
၂၀။ သနပင်ဖြူ
၂၁။ နယ်သိမ်း
၂၂။ နေလုံး





# ဒီဇင်ဘာလ ရက်စဉ် ကမ္ဘာ့သတင်းများ

၁–အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟယ်လာရီခလင်တန်သည်မြန်မာ့ဒီမိုခရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံသည်။

၁– ဂိုင်ယာနာနိုင်ငံ၏ရွေးကောက်ပွဲတွင်ပြည်သူ့တိုးတက်ရေးပါတီ(People's Progressive Party)မှ ဒေါ်နယ်ရာမိုတာ (Donald Ramotar) အနိုင်ရသည်။

၂– တရုတ်ပြည်၏အနုမြူလက်နက်စွမ်းအားသည်မိမိရှိ့ထင်မြင်ယူဆထားသည်ထက်များစွာသာလွန်နိန်နိုင်ကြောင်းဖြင့်အမေရိကန်တက္ကသိုလ်ကျောင်းသားအချို့၏သုံးသပ်ချက်တွင်ဖေါ်ပြထားသည်။

၂– အမေရိကန်ပြည်ထောင်စု၏အလုပ်လက်မဲ့နှုန်းသည် ၈.၆ ရာနှုန်းသို့လျော့ကျလားကြောင်းစာရင်းအချက်အလက်များမှပြဆိုသည်။

၃– ရာသျှားတွင်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများအတွက်ပြည်သူများမဲပေးကတ်သည်။

၄– ဒိန်းမာ့မှ လာဗွန်တိုင်ရာ၏ Melancholia ရုပ်ရှင်ကားသည်၂၀၁၁ခုနှစ်အတွက်ဥရောပ၏ အကောင်းဆုံးရုပ်ရှင်ကားဆုကိုဆွတ်ခူးရဟိသည်။

၅– နေတိုးတပ်ဖွဲ့၏လီကြောင်းတိုက်ခိုက်မှုတွင်သီဆုံးလားသည့်ပါကိစ္စတန်တပ်သား ၂၄ ယောက်အတွက် ဝမ်းနည်းရပါကြောင်းအမေရိကန်သမ္မတဘာရာ့အိုဘားမားမှပါကိစ္စတန်သမ္မတသို့ပြောဆိုလိုက်သည်။

၆– ရာသျှားတွင်ပျူတိန်ဆန့်ကျင်ရေးဆန္ဒပြသမားများရာနှင့်ချီ၍အဖမ်းခံကတ်ရသည်။

၇– တရုတ်ပြည်တွင်အချေသူငယ်များအရောင်းအဝယ်ပြုလုပ်မှုဖြင့်မသင်္ကာဖွယ်လူပေါင်း၆၀၀ခန့်ကိုအာဏာပိုင်များမှဖမ်းဆီး အရေးယူလိုက်သည်။

၈– ပုလဲဆိပ်ကမ်းအထိမ်းအမှတ်ငြိမ်သက်ဆုတောင်းပွဲများကိုဒုတိယကမ္ဘာစစ်ပြန်များစုစည်းလျှက်အမေရိကန်တွင်ပြုလုပ်လားကတ်သည်။

၉– ယာဟိုး (Yahoo) သည်အွှင်လိုင်းဟာသခန်းတခုအားတွဲဖက်ထုတ်လွှင့်လိုက်သည်။

၁၀– ရာသျှားပြည်သူများသည်လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများ ဟိလိုကြောင်းဆန္ဒပြတောင်းဆိုကတ်သည်။

၁၀– ဆီးရီးယားတွင်ဆန္ဒပြပြည်သူများအားအာဏာပိုင်များမှပစ်သတ်ရာအနည်းဆုံးလူ ၁၃ ဦးခန့်သီဆုံးလားသည်။

၁၀– ပီရူးဝန်ကြီးချုပ်ဆော်လော်မွှင်လာနာ (Salomon Lerner) သည် မထင်မှတ်စွာဖြင့်ရာထူးမှနှုတ်ထွက်လားသည်။

၁၁– မက္ကဆီကိုနိုင်ငံအနောက်ပိုင်းတွင်ပြင်းအား ၆.၇ ဟိသည့် ငလျင်တရပ်လှုပ်ခတ်လားရာလူ(၂)ယောက်ခန့်သီဆုံးလားသည်။

၁၂– ဖီလီပိန်းလွှတ်တော်သည်နိုင်ငံ၏တရားသူကြီးချုပ်အားရာထူးမှဖြုတ်လိုက်သည်။

၁၂– လူ့အခွင့်အရေးစောင့်ကြည့်သူများ၏အဆိုအရအေဂုအခါဆီးရီးယားတွင်ဆန္ဒပြသမားများအားအာဏာပိုင်တပ်ဖွဲ့များမှသတ်ပစ်သူဦးရေမှာအနည်းဆုံး ၅၀၀၀ ခန့်ဟိလားဗျာယ်ဟုဆိုသည်။

၁၃– တရုတ်သမ္မတဝန်ဂျားဘောင်၏လာမည့်အပါတ်တွင်လားရောက်မည့် နီပေါနိုင်ငံအလည်အပတ်ခရီးစဉ်ကိုလုံခြုံရေးဆိုင်ရာကိစ္စများကြောင့် ရွှေဆိုင်းလိုက်ကြောင်းသတင်းထုတ်ပြန်သည်။

၁၄– ကိန်ညာမှကမ္ဘောဒီးယားသို့တင်သွင်းမည့်ဆင်စွယ်များအားမလေးသျှားပုလိပ်မှဖမ်းမိရာဆင်စွယ်များ၏စုစုပေါင်းတန်ဖိုးမှာမလေးရိန်းဂိ(၄)သန်း (အမေရိကန်ဒေါ်လာ ၁.၃ သန်း)ခန့်ဟိသည်ဟုဆိုသည်။

## ဒီဇင်ဘာလ ရက်စဉ် ကမ္ဘာ့သတင်းများ

၁၄– မြောက်ခယ်ရီလိုင်းနားပြည်နယ်တွင်ပြုလုပ်သည့်အခမ်းအနားတရပ်၌အမေရိကန်သမ္မတဘာရာ့အိုဘားမားမှအီရတ်နိုင်ငံမှအမေရိကန်စစ်တပ်များရုပ်သိမ်းရေးကိုပြောဆိုလိုက်ပြီးအမိမြေပြန်စစ်သည်များအားကြိုဆိုလိုက်သည်။

၁၅– အိန္ဒိယနိုင်ငံအရှိပိုင်းတွင်တရားမဝင်ချက်လုပ်သည့်အရက်အဆိပ်သင့်မှုတခုဖြစ်ပွါးရာလူ ၁၄၃ ဦးခန့်သီဆုံးလားသည်။

၁၅– ကမ္ဘာ့ကုလသမဂ္ဂ၏အဆိုအရစျီးနှုန်းမြင့်တက်မှုများကြောင့်ဗမာပြည်နှင့်လာအိုနိုင်ငံများတွင်ဘိန်းစိုက်ပျိုးမှုများပြားလာသည်ဟုဆိုသည်။

၁၆– အီဂျိ(ပ်)တွင်ဆန္ဒပြပြည်သူများနှင့်စစ်အစိုးရနောက်ခံပုလိပ်များထိပ်တိုက်မှုဖြစ်ပွါးရာပြည်သူတဦးသီဆုံးပြီးအများအပြားဒဏ်ရာရဟိလားကတ်သည်။

၁၇– ဖီလီပိန်းတောင်ပိုင်းတွင်ရီကြီးသဖြင့်လူ ၅၀၀ နီးပါးသီဆုံးလားကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၁၈– အီရတ်မှနောက်ဆုံးလက်ကျန်အမေရိကန်တပ်များဆုတ်ခွါကတ်ဗျာယ်ဖြစ်သည်။

၁၈– မြောက်ကိုးရီးယားဂေါင်းဆောင်ကိင်ဂျုံအီးလ်သည်အစိုးရ၏အဆိုအရအလုပ်အလွန်အကျွံလုပ်သည့်ရောဂါဖြင့်သီဆုံးလားကြောင်းဖြင့်သတင်းထုတ်ပြန်သည်။ (နှလုံးရောဂါဖြင့်ဆုံးသည်ဟုလည်းဆိုပါသည်။)

၁၉– ဂျပန်နိုင်ငံအနိန်ဖြင့်အီရန်မှတင်သွင်းသည့်ရီနံဆီများအားတန့်ပစ်မည်မဟုတ်ကြောင်းဖြင့်ဂျပန်နိုင်ငံခြားရေးဝန်ကြီးမှပြောဆိုလိုက်သည်။

၂၀– အိန္ဒိယနိုင်ငံလွှတ်တော်သည်နိုင်ငံတွင်းလာဘ်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်းတရပ်အားအတည်ပြုလိမ့်မည်ဖြစ်ကြောင်းဖြင့်သတင်းများကဆိုသည်။

၂၁– ထိုင်းဝန်ကြီးချုပ်ယိန်လာ့ချိန်နာဝဲ့သည်မြန်မာ့ဒီမိုခရေစီဂေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်အတူရပ်တည်ပါကြောင်းထုတ်ဖေါ်ပြောကြားလိုက်သည်။

၂၂– အောဂုအပါတ်အတွင်းအာကာသသိပ္ပံပညာသျှင်များသည်ကမ္ဘာနှင့်အရွယ်အစားတူအခြားကမ္ဘာဂြိုဟ် ၂ ခုကိုအာကာသထဲတွင်တွိဟိရကြောင်းနှင့်အခြားသက်ဟိကမ္ဘာတခုတည်ဟိနိန်နိူင်သည်မှာဖြစ်နိူင်ဖွယ်များစွာဟိကြောင်းဖြင့်သုံးသပ်ဖေါ်ပြသည်။

၂၃– အမေရိကန်ဒေါ်လာ၏ဖေါင်းပွနှုန်းသည်နိုဗမ်ဘာတွင်အထိုက်အလျှောက်ကျဆင်းလားသည်ဟုဆိုသည်။

၂၄– မြောက်ကိုးရီးယားမှကိင်ဂျုံအီးလ်သီဆုံးပြီးနောက်တွင်နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံမှုများပြုလုပ်လားကတ်ရန်လိုလားကြောင်းဖြင့်ဂျပန်ဝန်ကြီးချုပ်မှတရုတ်ပြည်သို့ပြောဆိုလိုက်သည်။

၂၅– ဆန္ဒပြ၊ကန့်ကွက်မှုများဟိနိန်လင့်ကစားဗလာဒီမီယာပျူတိန်သည်ရာသျှားပြည်သူအများစု၏ထောက်ခံမှုကိုရဟိနိန်တုန်းဖြစ်ကြောင်းဖြင့်သူ၏ရွှီးကောက်ပွဲဝင်မဲဆွယ်ရေးအဖွဲ့မှဆိုသည်။

၂၆– ဂျပန်ဝန်ကြီးချုပ်နိုချီဒိုယိုဒါသည်တရုတ်ပြည်သို့အလည်အပတ်ရောက်ဟိပြီး၊န္ဂျူကလီးယားလက်နက်လက်ဝယ်ဟိနိန်သည့်ကိင်ဂျုံအီးအလွန်မြောက်ကိုးရီးယား၏အနာဂါတ်အတွက် တရုတ်ဂေါင်းဆောင်များနှင့် ဆွေးနွေးမှုများပြုလုပ်သည်။

၂၆– ဆီးရီးယားတွင်ဆန္ဒပြပြည်သူများအားစစ်တပ်မှပစ်သတ်သဖြင့်လူ ၂၀ ခန့်သီဆုံးသည်။

၂၇– အောဂုနှစ်သည်၁၉၀၀ခုနှစ်မှစ၍ပြင်သစ်နိုင်ငံ၏သမိုင်းတွင်အပူပြင်းဆုံးသောနှစ်ဖြစ်သည်ဟုဆိုသည်။

၂၈– အောဂုနှစ်အတွင်းတွင်ဗိန်နီဇွဲလားနိုင်ငံ၌ပျမ်းမျှတရက်လျှင် ၅၃ ယောက်နှုန်းသတ်ဖြတ်ခြင်းခံရရာယင်းမှာတောင်အမေရိကတိုက်တွင်လူသတ်မှုအများဆုံးဖြစ်ပွါးသည့်နိုင်ငံနှင့်နှုန်းပင်ဖြစ်ကြောင်းဖြင့်ဆိုသည်။

၂၈– မြောက်ကိုးရီးယားတွင်ကိင်ဂျုံအီးလ်၏အသုဘအခမ်းအနားအားအေနိတွင်ကျင်းပပြုလုပ်သည်။



**ကွန်ပျူတာဆိုင်ရာ**

**အတိုကောက်ဝေါဟာရများ**

**DA**—database analyst

**DAC**—digital-to-analog converter

**DBA**—database administrator

**DBMS**—database management system

**DDoS attack**—distributed denial of service attack

**DDR SDRAM**—double data rate synchronous dynamic random access memory

**DFD**—data flow diagram

**DHCP**—Dynamic Host Configuration Protocol

**DHTML**—Dynamic Hypertext Markup Language

**DIMM**—dual online memory module

**DL**—distance learning

**DLP projector**—digital light processing projector

**DMCA**—Digital Millennium Copyright Act

**DMS**—Document Management System

**DNS**—domain name system

**DoS attack**—denial of service attack

**Dpi**—dots per inch

**DPMA**—Data Processing Management Association

**DRAM**—dynamic random access memory

*(Source: Discovering Computers 2008 / Shelly, Cashman, Vermaat)*

## ဒီဇိမ်ဘာလ ရက်စဉ် ကမ္ဘာ့သတင်းများ

၂၉– ဗမာပြည်၊ရန်ကုန်မြို့ကုန်သွယ်အချက်အချာနိန်ရာတွင်ပေါက်ကွဲမှုတခုဖြစ်ပွါးရာအနည်းဆုံးလူ၁၁ဦးခန့်သီဆုံးလားသည်။

၂၉– မြောက်ကိုးရီးယား၏ဂေါင်းဆောင်အဖြစ်မကြာခင်ကသီဆုံးလားသည့်ကိင်ဂျုံအီး၏သားကိင်ဂျုံအင် အားတင်မြှောက်လိုက်ကတ်သည်။

၂၉– ဆူဒန်စစ်လီယဉ်ပုံမှဖုံးကြဲတိုက်ခိုက်သဖြင့်တောင်ဆူဒန်နိုင်ငံသား ၁၇ ဦးခန့်သီဆုံးလားသည်။

၃၀– စပိန်အစိုးရသည်လာမည့်နှစ်တွင်အသုံးစရိတ်များလျှော့ချလားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၃၁– နက်ဖြန်ခါကျရောက်မည့်နှစ်သစ်ကူးရက်အားကမ္ဘာ့ကြိုဆိုမှုများပြုလုပ်ကတ်ရာ ၂၀၁၂ တွင်အိုလံပိပွဲလက်ခံပြုလုပ်မည့်ဗြိတိန်အတွက်အထူးတလည်ဖြစ်ကြောင်းသတင်းများတွင်ဖေါ်ပြသည်။

• • • • • • • • • • • • • • • • • •

## သမုဒ္ဒရာများထဲမှ အကြီးဆုံးကျွန်းများ



| ကျွန်းအမည် | တည်နိန်ရာ | ဧရိယာစတုရန်းမိုင်ပေါင်း |
|---|---|---|
| ဂရိန်းလန်း | ဒိန်းမာ့ | ၈၂၂၀၀၀ |
| နယူးဂိုင်နီးယား | ပါပူအာနယူးဂိုင်နီးယားနှင့်အိန်ဒိုနီးသျှား | ၃၀၉၀၀၀ |
| ဘော်နီယို | အိန်ဒိုနီးသျှား၊ မလေးသျှား၊ ဘရူနိုင်း | ၂၈၃၀၀၀ |
| မက်ဒက်ဂက်စကာ | မာလာဂါဆီ | ၂၂၇၀၀၀ |
| ဘက်ဖိန်းကျွန်း | ခယ်နေဒါ | ၁၉၆၀၀၀ |
| ဆူမာထရာ | အိန်ဒိုနီးသျှား | ၁၆၈၀၀၀ |
| ဟွန်သျှူး | ဂျပန် | ၈၈၀၀၀ |
| ဂရိတ်ဗြိတိန် | ယူနိုက်တက်ကိန်းဒမ်း | ၈၈၀၀၀ |
| ဝိထိုရိယကျွန်း | ခယ်နေဒါ | ၈၄၀၀၀ |
| အယ်ဆီမီရီးကျွန်း | ခယ်နေဒါ | ၇၆၀၀၀ |
| စေလေဘိစ် | အိန်ဒိုနီးသျှား | ၆၉၀၀၀ |
| တောင်ကျွန်း | နယူးဇီလန် | ၅၉၀၀၀ |
| ဂျာဗား | အိန်ဒိုနီးသျှား | ၄၉၀၀၀ |
| မြောက်ကျွန်း | နယူးဇီလန် | ၄၄၀၀၀ |
| နယူးဖေါင်လန် | ခယ်နေဒါ | ၄၂၀၀၀ |
| ကျူးဘား | ကျူးဘား | ၄၁၀၀၀ |
| လူဇုန် | ဖီလီပိန်း | ၄၀၀၀၀ |
| အိုင်းစလန်း | အိုင်းစလန်း | ၄၀၀၀၀ |
| မိန်ဒါနို | ဖီလီပိန်း | ၃၇၀၀၀ |
| အိုင်ယာလန် | အိုင်ယာလန် | ၃၃၀၀၀ |
| ဟော့ကိုင်းဒိုး | ဂျပန် | ၃၀၀၀၀ |

***သိထားသင့်သော***

***အင်္ဂလိပ်ဘာသာအတိုကောက်များ***

***(အယင်လမှ အဆက်)***

**NASA**-National Aeronautics and Space Administration

နာဆာ–(အမေရိကန်) အမျိုးသားအာကာသနှင့်လီ ကြောင်းသိပ္ပံအုပ်ချုပ်မှုအဖွဲ့

**natl.**-national

အမျိုးသား

**NATO**-North Atlantic Treaty Organization

နေတိုး–မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့

**NBC**-National Broadcasting Company

အန်ဘီစီ–အမျိုးသားအသံလွှင့်ကုမ္ပဏီ

**NFL**-National Football League

အန်အက်ဖ်အယ်–အမျိုးသားဘောလုံးအဖွဲ့ချုပ်

**OAS**-Organization of American States

အန်အေအက်စ်–အမေရိကန်ပြည်နယ်များအဖွဲ့အစည်း

**OPEC**-Organization of Petroleum Exporting Countries

အိုပက်–ရီနံရောင်းနိုင်ငံများအဖွဲ့

**p., pp.**-page; pages

စာမျက်နှာ၊ စာမျက်နှာများ

**P.A.**-physician's assistant

ပီအေ–ဆရာဝန်လက်ထောက်

***ဆက်လက်ဖေါ်ပြလားပါမည်။***

# ဂီရိ တနှစ်ပြည့် အမှတ်တရ


အော် …… ဂီရိ
မင်းပီးရေဒဏ် ငါရို့ခံ
ဝမ်းစာခက်လှ ဂီရိဒုက္ခ။

မိုးလင်းစွာနန့် တန်းခါးဖွင့်ကြည့်ခါ
ပုပ်စိုက နံ သစ်ကိုင်းလည်းကျိုး
အိမ်ကလည်းပျက် ပစ္စည်းလည်းပျောက်
အလောင်းက ထပ် ငိုသံကကြား
မီးတိုင်ကပျက် မျက်ရည်စက်နန့်
ဂီရိပီးရေလက်ဆောင်က
ငါရို့ရင်ထဲကို
မှီနှောက် ပလိုက်ဗျာလ်။

မိုးလင်းစွာနန့် မြင်ရရေရှုခင်းက ……
ထမင်းချေတနပ် စားရဖို့
ရီချေတခွက် သောက်ရဖို့
အဝတ်ချေတထည် ဝတ်ရဖို့
မေခလာနန့် တွိဖို့လားလို့
စောင့်မျှော်ရစွာ လိုင်ဖင်းကရှည်နိန်ဗျာလ်။

အော် …… ဂီရိ
ကျန်ခရေ လူတိမှာ
အော်သံ ငိုသံ ဆူဆူညံလို့
မိသားစုကိုတောင် လိုက်မရှာနိူင်ဗျာလ်။
သက်ဟိလူကို ကယ်ဖို့
အင်အားတောင်မဟိလိုက်ဗျာလ်
သီလားရေလူတိကိုလေ့ မဆယ်နိူင်ဗျာလ်
ဒုက္ခသယ်တိ အသက်သျှုကျပ်လို့
အလောင်းတိလည်း ကြင်းလို့
ကူညီဖို့လူတိကတော အနားမှာတန်းစီနိန်ဗျာလ်





မေခလာအတုကတော့ကေ
သတင်းတိအမှောင်ချလို့
တန်းခါးပိတ်ထားတုန်းသိ။

ငါရို့ထိုင်ရေ ကုတင်
ငါးရို့စားနိန်ရေ လောင်ဗွန်း
ငါ့ရို့ဝတ်တေ အဝတ်တိကတော့ကေ
စိန်ခေါ်သံတိနန့် တုန်ခါနိန်ဗျာလ်ထော ……။

ငါရို့စားဖို့ ထမင်းတနပ်
ငါရို့သောက်ဖို့ ရီတခွက်
ငါရို့ဝတ်ဖို့ အဝတ်တထည်
ဇာဖြစ်လို့ မပီးနိူင်ရဖို့လဲလို့
ကိုင် …… လားဂတ် လာဂတ် စုရုံးဂတ်နန့်
မဟိကို အဟိပြုလို့
မေတ္တာတရားတိ
သူရို့တိကို ဖြည့်ပီးနိန်ဂတ်စွာ
ကြည်နူးဖို့ကောင်းလိုက်တေပင်။

အော် …… ဂီရိ
ဇာလိုလိုနန့် တနှစ်ပြည့်လားဗျာလ်နန်း၊
ယေကေလေ့ ဂီရိမုန်တိုင်းသင့်
ပြည်သူတိတော့ခါ
ဒုက္ခကိုရင်မှာပိုက်လို့
ရှန်းကန်နိန်တုန်းသိ။
ငါရို့ရင်ထဲမှာလည်း
ဒေါသကို သောကတရားက အနိူင်ရလို့
ငါရို့ပါးပြင်က စီးကျလာရေ
မေတ္တာမျက်ရည်ချေတိကို
ဇာပိုင်သုတ်နိူင်ဖို့သိလဲ။ ။

***ထာဝရသီရိ***

*၁၅ ၊ ၁၀ ၊ ၂၀၁၁*



“ချစ်သမီးသို့၊ ထိန်းသိမ်းပြုပြင်
မျက်ရှုဆင်၍၊ သုတ်သင်ကျွေးမွေး
နွဲ့ကာငိုလည်း၊ မဆိုဆဲပဲ”

“နွယ်လာစဉ်ရိုး၊ မင်းအမျိုးဟု
တန်ခိုးဂုဏ်အင်၊ ညှိုးမထင်ခဲ့”

“ကမ်းချောင်းသစ်မြက်၊
နွယ်ချုံယှက်လျှက်
ချောင်းထက်ကြီးငယ်၊
သွယ်သွယ်ဟိထ ဂိစ္ဆပ ဟု”

“တချို့သစ်ပင်၊ ညွန့်ဖူးဆင်ကေ
ရွက်ကျင်ပြန်စ၊ နှီရာသီလေ
ဂိမာန်ပြောင်းကေ၊ တပေါင်းလ မှာ”

“တရက်လာလည်း၊
မောင်တော်လာနိုး
ကြုတ်တံချိုးလို့”

“လှမုတ္တိုရ်မှာ၊ ဆိုနှုတ်ခွန်းနှင့်
တွန်းဆီးတို့၍၊ နို့ချိုတိုက်ပြန်”

“နန်းရဝေမှာ၊ နီခါကာလ
ယုန်စန္ဒာလေ၊ ထွန်းပေါ်ပ ကေ
လ ဝန်းမက”

## “တနှစ်တာအတွက် ပုဂ္ဂိုလ်” မျက်နှာဖုံးဆောင်းပါး

**ကိုယ့်လိုအင်ဆန္ဒ၊ အတွေးအခေါ်၊ အယူအဆ၊ သဘောတူမှု၊ မတူမှု၊ ထောက်ခံမှု၊ ကန့်ကွက်မှု အစဟိရေ အခြင်းအရာတိအားလုံးကို ငြိမ်းငြိမ်းချမ်းချမ်းနန့် လူသားဆန်ဆန် ထုတ်ဖေါ်တင်ပြခွင့် ရကတ်တေ နိုင်ငံတိမှာတော့ကေ •••••**

နှစ်တနှစ်တာကာလအတွင်း ကမ္ဘာ့အဖြစ်အပျက်၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ပြောင်းလဲမှု အစဟိရေ ကမ္ဘာ့အခင်းအကျင်းတိထဲမှာ အဓိကအခရာ အကျဆုံး ဇါတ်ကောင်ကို ထိုင်းမ် (Time) မဂ္ဂဇိန်းကြီးက နှစ်စဉ်နှစ်တိုင်း ရွီးချယ်လေ့ဟိပါရေ။ အယင်ကဆိုကေ ‘တနှစ်တာအတွက်လူသား’ (Man of the Year) ဆိုပြီးကေ ရွီးချယ်ပါရေ။ ဥပမာအားဖြင့် ၁၉၆၄ ခုနှစ်အတွက် ဒေါက်တာမာတိန်လူသာကိန်းဂျူနီယာကိုလည်းကောင်း၊ ၁၉၈၅ မှာ တရုတ်ပြည်က တိန့်သျှောင်ဖိန်ကိုလည်းကောင်း၊ ၁၉၈၇ မှာ ဆိုဗီယက်က မီခေးလ်ဂေါ်ဗာချော့ဗ်ကိုလည်းကောင်းရွီးချယ်ခကတ်စွာမျိုးပါ။ ၁၉၉၀ ကျော်နှောင်းပိုင်းကပင်စလို့ “တနှစ်တာအတွက်ပုဂ္ဂိုလ်” (Person of the Year) ဆိုပနာ ပြောင်းလဲခေါ်ဝေါ်ရေလို့ယူဆပါရေ။

ကုန်ခရေနှစ်ကတော့ကေ လူထု ဆက်သွယ်ရေးမီဒီယာဆရာ၊ ဖေ့စ်ဘုတ်ခ်တည်ထောင်သူ မာ့က်ဇူကမ်းဘာ့ ကို ၂၀၁၀ ခုနှစ်အတွက်ပုဂ္ဂိုလ် လို့ရွီးချယ်ခပါရေ။ **၂၀၁၁ ခုနှစ်၏ တနှစ်တာအတွက် ပုဂ္ဂိုလ်** ကတော့ကေ **‘ဆန္ဒပြသမား’ (The Protester)** ဆိုပြီးကေ အများစုက သဘောတူဖြစ်တေလို့ဆိုပါရေ။ ဟုတ်လည်းဟုတ်ပါရေ။ တူနီးသျှားက အစပြုပနာ အာရပ်ကမ္ဘာနန့်အာဖရိကတိုက်မြောက်ပိုင်းကို အသျှိန်အဟုန်နန့် ပြန့်ထွက်လားစွာမှာ ဆယ်စုနှစ်ပေါင်းများစွာ မင်းမူလာကတ်တေအာဏာသျှင်တိ ထွက်ပြီးလူပြီး၊ ရာထူးကဆင်းပီးလူဆင်းပီး၊ သီလူသီ၊ ပျောက်လူပျောက် နန့် တကမ္ဘာလုံးကိုတုန်လှုပ်လားစီရေ သမိုင်းဝင် အပြောင်းအလဲများစွာကို ဖြစ်တည်စီလားခစွာပါ။ တချိန်တည်းမှာပင် အခြားကမ္ဘာ့နိန်ရာအနှံ့အပြားမှာလည်း အုံနန့်ကျင်းနန့်ပြလားကတ်တေ ဆန္ဒပြမှု၊ တိုက်ပွဲဝင်ကတ်မှုတိ ကမ္ဘာ့တိုက်ကြီးအားလုံးမှာ ပွက်ပွက်ဆူဗျာယ် တနှစ်လုံး အငေါ့်လည်းငေါင့် ဖြစ်နိန်ခ ကတ်စွာပါ။



*(အာဖရိကတိုက်မြောက်ပိုင်းမှာပန်းစံပယ်တော်လှန်ရေး အစပျိုးခသည့်တူနီးသျှားက ဆန္ဒပြပွဲ တစိပ် တဒေသ)*

ကိုယ့်လိုအင်ဆန္ဒ၊ အတွေးအခေါ်၊ အယူအဆ၊ သဘောတူမှု၊ မတူမှု၊ ထောက်ခံမှု၊ ကန့်ကွက်မှု အစဟိရေ အခြင်းအရာတိအားလုံးကိုငြိမ်းငြိမ်းချမ်းချမ်းနန့်လူသားဆန်ဆန်ထုတ်ဖေါ်တင်ပြခွင့်ရကတ်တေ နိုင်ငံတိမှာတော့ကေ သာမန်ဆန္ဒပြမှုတိက ရီတွက်ပြောဆိုဖို့တောင် ခဲယဉ်းလှပါရေ။

ကိုင်––ယင်းသျှောင်မျိုး ဆန္ဒပြမှု၊ တိုက်ပွဲဝင်မှုတိထဲက ၂၀၁၁ ခုနှစ်အတွင်း အခရာ အကျဆုံး ဆန္ဒပြမှုတိကို အကြမ်းဖျင်းတခေါက်ချေ ဆွဲထုတ်ကြည့်ကတ်ပါမေ။

- တူနီးသျှားနိုင်ငံမှာ ပြည်သူတိ၏လွတ်မြောက်ရေးတိုက်ပွဲဆန္ဒပြမှုတိဖြစ်ပွါးပါရေ။ (သမ္မတဘန်အလီ ထွက်ပြီးလားရပါရေ။)
- အီဂျိ(ပ)နိုင်ငံမှာ ဆန္ဒပြပြည်သူများနန့်အစိုးရကြားထိပ်တိုက်ရင်ဆိုင်မှုတိ အများကြီးဖြစ်ပြီး ရေနောက်ပိုင်း၊ သမ္မတ ဟော့စနီမူဘာရာ့ တယောက် သမ္မတရာထူးက ဆင်းပီးလားရပါရေ။
- လိဗျားမှာတော့ကေဆန္ဒပြပြည်သူတိရေအစိုးရ၏နှိပ်ကွပ်မှုတိကိုတခုပိုင်လည်း သည်းမခံနိုင်ရေအဆုံးမှာ သေနတ်ကိုင်ဗျာယ် အားလုံး ပြောက်ကျားလုပ်ပနာထ တိုက်ကတ်စွာ–ပြီးခရေအောက်ထိုဘာမှာတော့ကေ ပဇီလုပ်ခံနိန်ရေဂ ဒါဖီတယောက် ပစ်သတ်ခံလားရပါရေ။
- ဆန္ဒပြပြည်သူတိ၏ပါဝါရေဆိုဒီအာရေးဗီးယားကဘုရင်အဗ္ဗဒူလာရှိ့ကိုတောင်လှုပ်လားစီပါရေ။ သမိုင်းတလျှောက်ကန့်သတ်ခံထားရရေဆိုဒီအမျိုးသမီးတိ အေဂုဆိုကေ ရွီးကောက်ပွဲ

→




“အကျွန်ရို့တယောက်ချင်းစီ ပါဝင်မှုလောက်ရာ (တယောက်ချင်းစီအတွက်)လို့ ဆိုကေ အမေရိကားဆိုစွာ တခုချေလည်းမဟုတ်ပါ၊ အကျွန်ရို့အားလုံးပါဝင်မှု (အကျွန်ရို့အားလုံးအတွက်) လို့ ဆိုခါမှရာ အမေရိကားဆိုစွာ (အဓိပ္ပါယ်ဟိဟိ) ဖြစ်တည်ဖို့ဖြစ်ပါရေ”

“ကိုယ့်ဘဝရွီးချယ်မှုလမ်းကြောင်းအတိုင်း မားမားမတ်မတ်၊ လွတ်လွတ်လပ်လပ် ရပ်တည်၊ကြိုးပမ်း၊ လုပ်ဆောင်ချင်ရေလူတိအတွက် ဘူမိနက်သန်၊ နိန်ရာမှန်အဖြစ် ယင်းလူတိ၏ နှလုံးသားထဲမှာ အမေရိကားရေ ဟိနိန်လီဖို့စွာပါ”

“ဥစ္စာခနေကြွယ်ဝချမ်းသာမှုအတွက်အမေရိကားဆိုစွာ ဖန်တီး ဖြစ်တည်လာစွာ မဟုတ်ပါ၊ ရှုဒေါင့်အမြင်မှန်ကို နားလည်သဘောပေါက်ဖို့၊ ‘စံတင်လောက်စရာ’ ဆိုရေ အခြေအနေတရပ်ကို မှန်မှန်ကန်ကန် တွိဟိ သိမြင်လာစီဖို့ နန့် လူသားထုရို့ကြားမှာ လွတ်လပ်မှုတရား တည်တံ့ နိန်စီဖို့အတွက် အမေရိကားဆိုစွာဖန်တီးဖြစ်တည်ပါရေ”

*ဝူးဒရိုးဝီလ်ဆန်*

*၂၈ ယောက်မြောက်*
*အမေရိကန်သမ္မတ*

မှာတရားဝင်မဲထည့်ပိုင်ခွင့်နန့် ဒေသခံအရာဟိတိအဖြစ် ရွီးကောက်ပွဲဝင်ခွင့်တိ ရလား ကတ်ပါရေ။

♦ ဘာရိန်းမှာတော့ကေအစိုးရအဖွဲ့ကိုပြန်လည်ဖွဲ့စည်းလားဖို့ဆန္ဒပြပြည်သူတိကိုဘုရင်ကဂတိဂဝတ်ပြုပါရေ။

♦ ဖေဗျူဝါရီကပင်စလို့ဆန္ဒပြကတ်တေယီမိန်နိုင်ငံမှာနိုဗမ်ဘာလအတွင်းက နိုင်ငံကို ၃၃ နှစ်ကြာ မင်းမူအုပ်ချုပ်လာရေ သမ္မတ ဆာလား တယောက် ရာထူးကဆင်းပီးဖို့လက်မှတ်ထိုးလိုက်ပါယာ။

♦ အီရတ်မှာ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲတိ ဖြစ်လားပါရေ။

♦ ဂျော်ဒန်မှာလည်းဝန်ကြီးချုပ်ရာထူးကထွက်ပီးဖို့တောင်းဆိုမှုတိအများကြီးဖြစ်လားပါရေ။

♦ ဆီးရီးယားမှာတော့ကေဆန္ဒပြပြည်သူတိကို အစိုးရကဒေါက်လျှောက်ပစ်သတ်လိုက်၊ နှိပ်ကွပ်လိုက်လုပ်နိန်လို့ အာရပ်အဖွဲ့ချုပ်ကစောင့်ကြည့်အဖွဲ့တိဝင်လိုဝင်၊ ကမ္ဘာ့ကုလသမဂ္ဂကပြောလိုပြော၊နိုင်ငံအများကြီးကဝေဖန်သံတိညံနိန်ကတ်တေကြားက နှစ်ဖက်ကြားမှာ ထိပ်တိုက်ရင်ဆိုင်မှုတိ ဆက်တိုက်ဖြစ်နိန်ကတ်တုန်းပါ။

♦ အစ္စရေးနိုင်ငံမှာလည်းနိုင်ငံတွင်းတရားမျှတမှုကိုတောင်းဆိုဆန္ဒပြမှုတိ ဖြစ်ကတ်စွာမှာ လူပေါင်းသုံးသိန်းလောက်ပါဝင်ချီတက်ကတ်တေအတွက် အစ္စရေးသမိုင်းမှာ အကြီးကျယ်ဆုံးဆန္ဒပြပွဲကြီးလို့ဆိုပါရေ။

♦ ချီလီမှာ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတောင်းဆိုရေကျောင်းသားဆန္ဒပြပွဲတိဖြစ်လို့ လူပေါင်း ၈၇၄ ယောက်အဖမ်းခံလိုက်ရပါရေ။

♦ မက္ကဆီကိုမှာ မူးယစ်ဆီးနန့် အကြမ်းဖက်မှုဆန့်ကျင်ရေးဆန္ဒပြပွဲတိဖြစ်ပွါးလားပါရေ။

♦ အမေရိကန်ပြည်ထောင်စုမှာတော့ကေ ပြောမနိန်ပါကေ့ဖိ– ပြလိုက်ကတ်တေ ဆန္ဒ ဆိုစွာမှာ။ ယင်းရို့ထဲက အကြီးချေတိကတော့ကေ ခယ်လီဖိုးနီးယားနန့်နယူးယော့က “Occupy Wall Street” ဆန္ဒပြပွဲတိ၊ ဝိန်စကွင်ဆန်ပြည်နယ်က ပြည်သူ့သမဂ္ဂ ဆန္ဒပြပွဲတိပါ။

♦ ဥရောပတိုက်က စပိန်၊ အိန်ဂလန်၊ ဂရိ နိုင်ငံရို့မှာလည်း ကြီးမားရေ ဆန္ဒပြပွဲတိဖြစ်ပွါးလားပါရေ။

♦ ကနေဒါမှာတော့ကေ “ချက်ပေါ်ဝတ်” (SlutWalk) ဆန္ဒပြပွဲတိ ဖြစ်ပွါးပြီးကေ ကမ္ဘာအနှံ့အများကြီး ဖြစ်ပျက်လားကတ်ပါရေ။




*(SlutWalk ဆန္ဒပြပွဲမြင်ကွင်းတရပ်)*

*စာမျက်နှာ ၁၂ သို့* →




## Woodrow Wilson

**ဝူးဒရိုးဝီလ်ဆန်**

(၂၈ ဦးမြောက်အမေရိကန်သမ္မတ)

**မွီးနိ။** ။ ဒီဇိမ်ဘာ ၂၈၊ ၁၈၅၆။

**ဘဝသက်တမ်း။** ။ ၁၈၅၆ – ၁၉၂၄

**မွီးရပ်။** ။ စတွန်တန်၊ ဗာဂျီးနီးယားပြည်နယ်။

**အမိ။** ။ ဂျက်နက်ဝူးဒရိုးဝီလ်ဆန်။

**အဖ။** ။ ဂျိုးဇက်ရာဂါးဝီလ်ဆန်။

**မယားများ။** ။ အယ်လန်လူးဝိစ် အက်ဆန်ဝီလ်ဆန်(၁၉၁၄ တွင်သီဆုံး)၊ အက်ဒိသ်ဘိုးလိန်းဂါ့လ်ထ် ဝီလ်ဆန်။

**သားသမီးများ။** ။ မာဂရက်၊ ဂျက်စီဝူးဒရိုး၊ အီလိန်နာ။

**ကောလိပ်/တက္ကသိုလ်။** ။ Princeton University; University of Virginia Law School; Johns Hopkins University

**အသက်မွီးအလုပ်အကိုင်။** ။ ဗြိုနီ၊ ပါမောက္ခ။

**နိုင်ငံရေးလုပ်သက်။** ။ နယူးဂျာစီပြည်နယ်အုပ်ချုပ်ရေးမှူး၊ သမ္မတ။

**ပါတီ။** ။ ဒီမိုခရက်ထိ(ခ)။

**ဒေသခံပြည်နယ်။** ။ နယူးဂျာစီ။

**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ။** ။ William Howard Taft, Theodore Roosevelt; Charles Evans Hughes

**သမ္မတသက်တမ်း။** ။ Mar 4, 1913 မှ Mar 3, 1921 ထိ

**ဒုတိယသမ္မတ။** ။ ထောမာ့စ်အာရ် မာသျှယ် (Thomas R. Marshall)

**Sources:** ***(အေစာစောင်ပါသတင်းနှင့်အချက်အလက်အချို့ကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)***

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်—စစ်တွေကောလိပ်)

Time Magazine

Oxford Essential Biographical Dictionary

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/

*စာမျက်နှာ (၉) မှ အဆက်*

- ♦ အိန္ဒိယမှာလည်း အန်နာဟာဇာရီဦးဆောင်ရေ အဂတိလိုက်စားမှုကင်းသျှင်းရေး ဆန္ဒပြပွဲတိရက်ပြတ်ရက်ပြတ်ဆိုရေပိုင် ဖြစ်လားစွာမှာနိုင်ငံလွှတ်တော်က ဟာဇာရီနန့်သဖေါတူကြောင်း ပြောဆိုလိုက်ပါယင့်။
- ♦ ရာသျှားပြည်မှာ ဝန်ကြီးချုပ်ပျူတိန်ထပ်လို့အရွီးခံဖို့ကိစ္စကို ကန့်ကွက်ဆန္ဒပြမှုတိ အများကြီးဖြစ်လားပါရေ။
- ♦ တရုတ်ပြည်ဘီဂျိန်း(ပီကင်း)မြို့တော်အပါအဝင် အခြားမြို့ကြီးတိမှာ ဒီမိုခရေစီလိုလားရေဆန္ဒပြပွဲတိဖြစ်ပွါးလို့ အစိုးရက ထိမ်းသိမ်းမှုတိ လုပ်လိုက်ပါရေ။
- ♦ တိဘက်ဖုန်းကြီးနန့်သီလသျှင် စုစုပေါင်း ၁၂ ယောက်တိတိ ကိုယ့်ကိုယ်ကိုယ်မီးတိုက် အဆုံးစီရင်ပနာ တိဘက်ပြည်၏ လွတ်လပ်ရေးအတွက် အသီခံလားကတ်ပါရေ။
- ♦ ဂျပန်မှာတော့ကေ အနုမြူခါတ်ပေါင်းဖိုဆန့်ကျင်ရေးဆန္ဒပြပွဲတိ ဖြစ်လားပါရေ။
- ♦ ဗမာပြည်မှာတော့ကေ လွတ်လပ်တေရွီးကောက်ပွဲတိကျင်းပဖို့၊ အစိုးရခွင့်ပြုချက်ကိုယူဖျာယ် ဆန္ဒပြခွင့်ရဖို့နန့် ဒေါ်အောင်ဆန်းစုကြည်ဂေါင်းဆောင်ရေ အမျိုးသားဒီမိုခရေစီအဖွဲ့ချုပ် ကို တရားဝင်ပါတီအဖြစ် အသိအမှတ်ပြုဖို့စစ်အစိုးရက ဂတိဂဝတ်ပြုလိုက်ပါရေ။
- ♦ ဘီဘီစီက အိန်နာဂျုံးနန့်ကုလားတိကိုဆန့်ကျင်ရေ ဆန္ဒပြပွဲချေတိကို (တချို့နိန်ရာတိမှာ ကျွန်ပိုင်သျှင်ဗမာတိ အကူအညီနန့်) ရခိုင်အချို့ ပြုလုပ်လားကတ်ပါရေ။
- ♦ ၂၀၁၁ခုနှစ်၏ဒီဇိမ်ဘာလ ၃၁ ရက်နိမှာတော့ကေ ရခိုင်ဘုရင့်နိုင်ငံ၏အချုပ်အချာအာဏာကျဆုံးလားရေ (၂၂၇)နှစ်မြောက် အထိမ်းအမှတ်နန့်ရခိုင်ပြည်လွတ်လပ်ရေး ဆန္ဒပြပွဲတိကို အမေရီကန်ပြည်ထောင်စုနယူးယော့မြို့၊ ကမ္ဘာ့ကုလသမဂ္ဂအဆောက်အဦးကြီးရှိမှာလည်းကောင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ချ်၊ ထိုင်း၊ မလေးသျှား၊ ဥရောပနိုင်ငံအများကြီးနန့် အခြားကမ္ဘာ့နိုင်ငံအနှံ့မှာရောက်ဟိနိန်ကတ်တေ ရခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတိ ကျင်းပလားကတ်ပါရေ။

(ကမ္ဘာအနှံ့က ရခိုင်ဘုရင့်နိုင်ငံတော်ကျဆုံးရေအခမ်းအနားကျင်းပ ပြုလုပ်ကတ်တေအခမ်းအနား ပုံတချို့ကို တဖက်ကော်လမ်မှာတွိမြင်နိူင်ကတ်ပါရေ။ ဓါတ်ပုံတိစုဆောင်းပီးပို့သော ကိုနိုင်နိုင် ကို အထူးကျေးဇူးတင်ဟိပါရေ။)










ကမ္ဘာ့နိုင်ငံအနှံ့ကအထက်ဖေါ်ပြပါဆန္ဒပြပွဲတိအားလုံးထဲမှာကြီးမားရေအပြောင်းအလဲတိဖြစ်ပေါ်ရေ၊အောင်မြင်မှုအပေါင်းခညောင်းရေအားပြည့်အင်ပြည့်အဆုံးသတ်မှုတိဟိရေပိုင်နည်းမျိုးစုံနန့်နှိပ်ကွပ်ခံ၊ထိမ်းသိမ်းခံ၊ဂရုမစိုက်ခြင်းခံကတ်ရမှုတိလည်းအများကြီးပါ။ ဘဇောင်ပင်ဆိုစီအကျွန်ရို့လူသားမိသားစုတိအချင်းချင်းပိုမိုလွတ်လပ်ပွင့်လင်းသော၊တဦးနန့်တဦး၊လူသားမိသားစု တစုနန့်တစုရို့ကြားမှာအပြန်အလှန် လေးစားချစ်ကြည်မှု၊ကိုယ်ချင်းစာနာမှု၊ နားလည်သဖေါပေါက်မှုတိနန့်အတူ ပိုမိုအီးချမ်း၊သာယာသောအနာဂါတ်ကမ္ဘာကြီးကိုတည်ဆောက်နိူင်ကတ်ပါစီကြောင်းနန့်လူသားမိသားစုဝင်ဖြစ်တေရခိုင်မိသားစုချေသည်လည်းကျန်သောကမ္ဘာ့ညီအစ်ကို၊မောင်နှမများနှင့်အတူ လွတ်လပ်သောမိသားစုဝင်တရပ်အဖြစ်ဖြင့်ပူးပေါင်းပါဝင်ခွင့် ရဟိနိူင်ကတ်ပါစီကြောင်း ဆုတောင်းဆန္ဒပြုလိုက်ပါသတည်း။

**မောင်သာပေါ် (ရမ်းဗြဲ)**

မှီးငြမ်း။ ။ *Time (Double Issue – December 26, 2011 / January 2, 2012)*



🍎 သဇင် ဆိုစွာ ........
လီမှာ လွှင့်ရေ ပန်းမဟုတ် ။
.......

🍎 သဇင် တချို့
လီလွှင့် ........ ဝီး ........ ဝီး ။

🍎 သဇင် ဆိုစွာ ........
ရီမျှော ကမ်းတင် ပန်းမဟုတ် ။
........

🍎 သဇင် တချို့
ဖြား နန့် ........ ပြီး ........ ပြီး ........။

🍎 ကြားဖူးခဗျာယ် ........
သဇင်ပွင့်ချိန် ........ ပဒိုင်းပွင့်ရေလှတ် ။
သဇင်မမွှီး ........ ပဒိုင်းမွှီးရေလှတ် ။

🍎 ငါ ........
ဒေ အမှောင်မှာ
ကြောင်တောင်တောင်နန့်

ဆမီး (ဆီမီး) ခွက်ကို ........
စမ်းမိရေ ။

မီးစာမဟိ ........ ဆီမဟိ
အသူလာလို့ ထွန်းပါဖိ ။ ။

**ဖင်လယ်မောင်စံ**




☆ အရှီးမဟိလျှာကို
သကာထင်လို့ ယုံစား
တန်းတူညီမျှရေးကို
နောက်လှည့်ထွက်လားရေ
သမိုင်းအပိုင်းစ ကြားက
ငါရှို့ ..... ဒီဇိမ်ဘာ။

☆ ဂုဏ်ပကာသနအတွက်
အမှန်တရားကို
ရက်ရက်စက်စက်နှင်ထုတ်
ဇာကလာလို့
ဇာကိုလားရဖို့မသိ
စမ်းတဝါးဝါးနန့်
ဝါးမျိုခံလိုက်ရရေ
အဝေ......ဒီဇိမ်ဘာ။

☆ အသစ်အဟောင်းနန့်
ပြောင်းလွဲနိန်ရေဘဝက
မင်းကိုကြည့်ကေ
စိတ်ညစ်တေ
မင်းနန့်တွိကေ
ထိုင်ငိုမိရေ။

☆ ငါရို့ ခြီဖဝါး
ငါရှို့ ထိပ်ပြင်
ငါရှို့လက်ဝါးတိမှာ
ကပ်ကျန်ခရေ
ဇာတိသွီး ဇာတိဂုဏ်ကို
တစတစ ခြစ်ချ
ကောက်ယက်ပင်း
ဆက်ယက်ပင်းနန့်
လောင်မြစ်နိန်ရေ
သမိုင်းစချေတိကို
နီရောင်ခြီနန့် ဆက်သွယ်ဖို့
ငါရှို့ရှန်းကန်နိန်ဂတ်စွာ
ရာဇနှစ်တိ ကျော်ဖျာလ်
ယေကေလေ့ ဂုချိန်မှာ
မင်းစွာ
ငါရှို့ သူရဲကောင်းယေ။ ။

ထွန်းလင်းဆိုး

## စာစဉ်မှာယူလိုလျှင်

အေသတင်းစဉ်ဝယ်ယူအားပီးလိုသူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဉ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိုင်ကတ်ပါသည်။ အထူးကျေးဇူးတင်ပါသည်။

ကို ဦးသိန်းမောင် (အိုင်အိုဝါ)
☎ ၅၁၅-၃၂၆-၄၆၂၂
ကို ကျော်သိန်း (ချီကာဂို)
☎ ၇၇၃-၄၁၄-၂၈၁၃
ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)
☎ ၄၁၂-၄၀၃-၇၈၂၂
ကို ခိုင်မင်းဇံ (ဘာဖဲလို)
☎ ၇၁၆-၃၀၈-၃၅၆၆
ကို ဆန်းလှိုင် (မီဝါကီ)
☎ ၄၁၄-၄၈၄-၅၇၃၈
ဂိုးချေ (ယူတား)
☎ ၈၀၁-၅၁၂-၁၀၃၆
ကို ကျော်သိန်း (မီဇူရီ)
ဖုန်း ၈၁၆-၂၉၄-၈၄၅၁
ကို စောသိန်းမောင် (ချီကာဂို
☎ ၆၃၀-၇၄၉-၈၀၈၃





# ကျည်ဆံတလှည့် လမ်းတလှည့်

နှင်းချိုလှိုင် (မြောက်ဦး)

မြန်မာနိုင်ငံသည်လွန်ခဲ့သည့်နှစ်ပေါင်းတထောင်ကျော်ခန့်က ပင်ဗုဒ္ဓဘာသာကို အကြွင်းမဲ့သက်ဝင်ယုံကြည်သူများနိုင်ထိုင်ကတ်သည့် နိုင်ငံပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းနိန်ထိုင်လာကတ်သည့်လူမျိုးစုပေါင်း (၁၃၅) မျိုးမှာလည်း ဗုဒ္ဓမပေါ်ခင်အချိန်က ရီနတ်၊ လီနတ်၊ လနတ်၊ သစ်ပင်စောင့်နတ် စသည်ရို့ကိုအသိအမှတ်ပြုကိုးကွယ်ခကတ်သော်လည်း ဗုဒ္ဓပေါ်ပေါက်လာသည့် အချိန်မှ စတင်ကာ ဗုဒ္ဓကိုသာ ကိုးကွယ်လာကတ်သည်ကိုတွိရသည်။ အယူအစွဲ မဟိသောလူမျိုးသာတွိရသည်။ ဘာသာမဟိသောလူမျိုးဟူ၍မဟိကတ်ပေ။ ယင်းရို့ကိုကြည့်ခြင်းအားဖြင့် မြင့်မြတ်သောယဉ်ကျေးမှုများ ပေါ်ပေါက်လာခသည်မှာ ဗုဒ္ဓ၏ အရိပ်ကြောင့်ပင်ဖြစ်သည်။

အသျှောင်မျိုး ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားနှင့် ပက်သက် သည့်ကိစ္စများကို ရှိတန်းတင်ပြောနိန်ခြင်းမှာ အကြောင်းဟိပါသည်။ ဘာသာတရားများတွင်ကြီးကျယ်သော အကျွန်ရို့ဗုဒ္ဓဘာသာသည် ဘီစီ၆ ရာစုခန့်ကပင် ရခိုင်ပြည်တွင် ထွန်းကားနိန်ဗျာယ်ဖြစ်ပါသည်။ သက်သီပြရလျှင်ယင်းအချိန်သည် ရခိုင်ပြည်တွင်ဓညဝတီခေတ်ကိုညွှန်းထားခြင်းပင်ဖြစ်သည်။ အေနိခေတ်မြန်မာနိုင်ငံ၏ရှိခေတ်မင်းနိန်ပြည်တော်များထဲတွင် ဝေသာလီမြို့သည် အစောဆုံးမင်းနိန်ပြည်တော်ပင် ဖြစ်ပါသည်။ ရခိုင်ပြည်တွင် ဝေသာလီထက်ပိုမိုရှိကျသည့် ဓညဝတီမြို့တော် ဟိနိန်ခပါသိသည်။ ၄င်းမှာရခိုင်ရို့သည် ဘာသာတရား၊ ယဉ်ကျေးမှု၊ ဘုရင်အုပ်ချုပ်ရေးများဖြင့်ဂုဏ်သိက္ခာဟိဟိ၊ တည်တည်တံ့တံ့နိန်ထိုင်လာကတ်သည်မှာ အေနိခေတ်မြန်မာပြည်ဟိ လူမျိုးတိုင်းထက်စောလွန်းနိန်သည်ကို သက်သီထူနိန်သည်။ တနည်းအားဖြင့် ရခိုင်ရို့သည် ယဉ်ကျေးမှုမြင့်မားသည့် လူမျိုးများဖြစ်ကတ်ပါသည်။ ထိုခေတ်၊ ထိုအချိန်ကပင်ရခိုင်ပြည်တွင်ဘုရင်နှင့် ထီးနန်းနှင့် တခဏ်းတနား ကြီးကျယ်တောက်ပနိန်ခ ကတ်ဗျာယ်ဖြစ်ပါသည်။



(ဗုဒ္ဓမြတ်စွာဖုရား နှင့် ဓညဝတီ ပြည်သျှင် မဟာစန္ဒသူရိယဘုရင်)



(မြောက်ဦးမြို့တော်၏ မြင်ကွင်းတစိပ်တဒေသ)

ရခိုင်ဘုရင်များမှာလည်း ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ခကတ်သည့်အတွက်ကျောင်းကန်ဖုရား၊ စေတီပုထိုးများ၊ ကောင်းမှုကုသိုလ်တော်ကြီးများကို ကြီးကြီးကျယ်ကျယ် ဆောက်လုပ်လှူဒါန်း ကိုးကွယ် ခကတ်ပါသည်။ ကိုးကွယ်ပုံများမှာလည်း တူညီကတ်သည်။ ကိုးကွယ်ရန်ဆင်းထုတော်များကို ပြုလုပ်ရာတွင်သာ ခေတ်ကိုလိုက်၍ကွဲပြားကတ်သည်။ မိမိ၏ချမ်းသာမှုနှင့်အခြေအနေပေါ်တွင်မူတည်၍ကွဲပြားခြင်းလည်းဖြစ်နိုင်ပါသည်။ ရခိုင်ပြည်တွင်း တည်ထားကိုးကွယ်ခကတ်သည့်ဖုရားမြောက်များစွာရို့အား ရွှီ၊ ငွီ၊ ကြေး၊ ကျောက်၊ သတ္တု၊ စလင်း၊ ယွမ်း စသည်ရို့ဖြင့်ထုဆစ်ခကတ်ပြီး ကာလပေါက်ဈီးဖြင့် တန်ဖိုးမဖြတ်နိုင်သည့်ဆင်းထုတော်များကိုလည်းတွိကတ်ရသည်။ အရွယ်အစားအလိုက်၊ မျိုးပေါင်းစုံသော ဖုရားရုပ်ထုမျိုးစုံကိုလည်း တွိမြင်နိုင်ကတ်ပါ၏။ မြောက်ဦးမြို့သည် တောင်များဖြင့်ကာရံထားသည့်ကုန်းမြင့်ဒေသ၊ တနည်းအားဖြင့်(တောင်ပေါ်မြို့၊တမြို့)ဖြစ်သော်လည်းတောင်ပေါ်မြို့ပြန့်နိန်ရာတိုင်းတွင် များပြားလှသည့် ဖုရား၊ ကျောင်းကန်၊ သာသနာ့အဆောက်အဦးများ၊ ဗိဋကပ်တိုက်စသည့်ယဉ်ကျေးမှုအမွီအနှစ်များစွာရို့ကိုရှိဟောင်းရခိုင်များ တည်ထားကိုးကွယ်ခကတ်သည့်အတွက်မြောက်ဦးမြို့၌နိန်ရာကွက်လပ်မဟိသလောက်ပင်ဖြစ်ပါသည်။

ယင်းသို့ဖြင့် ရှိဟောင်းဖုရားပုထိုးများ၊ စေတီများ၊ ဗိသုကာအဆောက်အဦးများ ပေါများလှသည့်အတွက် မည်၍မည်မျှပင်နာမည်ကျော်ကြားနိန်စီကာမူလက်ဟိတွင်ဖုရားများမှာ ပြိုပျက်၍ပင်နိန်ကတ်ဗျာယ်ဖြစ်ပါသည်။

မြောက်ဦးခေတ်တွင် ဖုရားသမိုင်းသည် အလွန်ကြီးကျယ်ခပါသည်။ မြောက်ဦးမြို့တော်နိန်မြီထဲဟိ ဖုရားများမှာ သျှစ်သောင်း၊ ထုက္ကန်သိမ်၊ အံတော်သိမ်၊ မာရ်ဝိဇယပါးရို့လောက်နှင့်မပြီးပါ။ တောထဲ၊ တောင်ထဲတွင်ပြိုကျပျက်စီးနိန်သည့်ဖုရားများမှာ အေဂုမြင်တွိနိန်ကတ်ရသည်ထက် အဆပေါင်းများစွာဟိနိန်သည်။ "သဇင်ပန်းခိုင်တမြိုင်မြိုင်၊ ရခိုင်ဖုရားပေါင်း" ဟူသည့်အဆိုကိုကြည့်လျှင် ရခိုင်ပြည်၌ဖုရားများဘဇာလောက်များပြားခကတ်ပါသနည်း။ မြို့ထဲနှင့်အနားတဝိုက်တွင်မြင်တွိရရုံဖြင့်ပြီးစီးမည်ကား မဟုတ်ပါ။ ထိုသဇင်ပန်းများမှာတောထဲ၊ ခြုံနွယ်များထဲတွင်သာဖူးပွင့်လျှက်ဟိနိန်ကတ်သည်ကိုတွိရပါသည်။ အမှန်ဆို သဇင်ပန်းသည်တောပန်းပင်ဖြစ်သော်လည်းခြုံထဲတွင်ပွင့်သည့်ပန်းကားမဟုတ်။ ပင်ယံမြင့်တွင် ခက်ခဲစွာဖူးပွင့်သည့်ပန်းဖြစ်သည်။

"သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဖုရားပေါင်း" ဆိုသည့် အရေအတွက်မှာ ရခိုင်တပြည်လုံးဟိဖုရားများကိုဆိုလိုသည်။ ယင်းရို့အနက်ဖုရား အများစုမှာမြောက်ဦးမြို့၌ တည်ဟိပါသည်။ မြောက်ဦးမြို့၌ဖုရားများ များပြားပုံမှာ တောထဲတောင်ထဲမှဖုရားများကို အဂေါ်င့်အမှန် ကောင်းမွန်စွာပြုပြင်လိုက်ပါက မြောက်ဦးတွင် ခြီရင်းပြုအိမ်ရမည့်နိန်ရာကို ဟြာတွိနိုင်ကတ်မည်မဟုတ်ပါ။ နိန်ရာတိုင်း၊ အရပ်မျက်နှာတိုင်း၊ ဒေါင့်တိုင်းတွင် ဖုရားများ တည်ဟိနိန်ကတ်သောကြောင့် ဖြစ်ပါသည်။

ယင်းမျှလောက် ဖုရားပုထိုးတော်များပေါများသည့် ဒေသတွင်အေမျှလောက်ထိ ပျက်စီးနိန်ရသည်မှာ ရခိုင်ဘုရင်များကျဆုံးပြီး ရခိုင်ရို့၏ ရွှီနန်းတော်၊ တနည်းအားဖြင့် ရခိုင်ဘုရင့်နိုင်ငံတော် ပျက်သုဉ်းလား ခ

သည့်အချိန်၊ ရခိုင်မြို့တွင် ရခိုင့်ရာဇသံ ပျောက်သုဉ်းလားချိန်မှ စ၍ ဖြစ်သည်ဟုဆိုရမည်ဖြစ်ပါသည်။ အလွန်အမင်းကြီးကျယ်ခမ်းနားခ သော ရခိုင်ပြည်၏ ဘုရင့်အုပ်ချုပ်ရေးသည် သက္ကရာဇ်(၁၁၄၆)ခုနှစ်တွင် အဆီး အတားမဟိ ပြိုကျလားသည်။ ဘုရင်ကြီးလည်း အသတ်ခံလိုက်ရသည်။ မိဖုရားကြီးတပါးလည်း ဆုံးသျှုံးခရသည်။ ရွှေဝါရောင် တဖိတ်ဖိတ်တောက်ပနိန်သည့် ရွှေနန်းတော်ကြီးလည်း ဖျက်ဆီးခံလိုက်ရသည်။ မြောက်များစွာသောရခိုင်ပြည်သားရို့သည်လည်း ကိုယ့်ရီ၊ ကိုယ့်မြီကို စွန့်ခွါပနာဘေးလွတ်ရာသို့ထွက်ပြီးလားကတ်ရသည်။ ယင်းအချိန်သည်ကား ဗမာဘုရင်များက ရခိုင်ပြည်ကိုသိမ်းပိုက်ပြီး ဗမာအုပ်ချုပ်ခံနယ်ပယ်အဖြစ် စတင်သည့်ကာလပင် ဖြစ်ပါသည်။ယင်းသို့ဖြင့်ရခိုင်ရို့သည် ဗမာများလက်အောက်တွင်နှစ်ပေါင်း ၆၀ ခန့်နိန်နိန်ခရပြီးနောက် သက္ကရာဇ် (၁၈၂၄) ခုနှစ်တွင် နယ်ချဲ့အိင်္ဂလိချ်ရို့က ရခိုင်ပြည်ကို ဝင်ရောက်သိမ်းပိုက်လိုက်ခြင်းသည်အတွင်းလှိုက်၍လောင်ကျွမ်းနိန်သောမီးကို တဟုမ်းဟုမ်းတောက်အောင် လီပင့်ပီးလိုက်သျှောင် ဖြစ်လားပါသည်။

> **အေမျှလောက်ထိ ပျက်စီးနိန်ရသည်မှာ ရခိုင်ဘုရင်များကျဆုံးပြီးရခိုင်ရို့၏ ရွှေနန်းတော်၊ တနည်းအားဖြင့် ရခိုင်ဘုရင့်နိုင်ငံတော် ပျက်သုဉ်းလားခ သည့်အချိန်၊ ရခိုင်မြို့တွင် ရခိုင့်ရာဇသံ ပျောက်သုဉ်းလားချိန်မှ စ၍ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။**

ယင်းအချိန်မှစ၍ ရွှေရောင်ဝင်းပနိန်သည့် ရခိုင်ပြည်ဗုဒ္ဓသာသနာတော်၏ ကြီးဆင်းထုတော်များမှာ ကံဇာတာကုန်ချိန်သို့ရောက်ခရသည်။ နယ်ချဲ့အိင်္ဂလိချ်ရို့ ရခိုင်ပြည်ကိုသိမ်းပိုက်ပြီး ဆယ်စုနှစ်အနည်းငယ်အတွင်းမှာပင် ကြီးဆင်းထုတော်များကို စတင်ဖျက်ဆီးပစ်ကတ်ပါသည်။ ထိုဆင်းထုတော်များမှာ ဘာသာရေးတာဝန်မှ ကျည်ဆံများ၊ ဗုံးများ၊ စစ်လက်နက်များအဖြစ် စစ်ရေးတာဝန်သို့ ပက်ခုံးတဖက်ပြောင်းကာ တာဝန်ယူကတ်ရပြန်သည်။ ဆင်းထုတော်များ ယင်းတာဝန်ကိုထမ်းဆောင်နိန်ခကတ်ရသည်မှာနှစ်ပေါင်း (၁၀၀) ကျော်လားပါသည်။ လက်ဟိကြွင်းကျန်နိန်ခသည့် ကြီးဆင်းထုတော်များမှာလည်း ကျည်ဆံအဖြစ်ဖြင့်စစ်ထဲတွင်ပါမလားရန်အတွက် ဒုက္ခပေါင်းမျိုးစုံဖြင့် ဟိုနား၊ အေနား ပြီးပနာ၊ လွှားပနာ ကံတော်မကုန်၍ ကျန်တော်မူနိန်ခကတ်သည့် ဆင်းထုတော်များပင်ဖြစ်ကတ်ပါသည်။ ဆင်းထုတော်များယင်းကဲသို့ သျှောင်နိုင်၊ ပုန်းနိုင်ရန်အတွက် ဘာသာရေးကို အလေးအနက်ထားသူ၊ ဖုရားတရားကိုချစ်ခင်မြတ်နိုး၊ကြည်ညို၊ကိုးကွယ်သူ ရခိုင်ပြည်သားရို့၏စစ်လက်နက်သံ၊ ဗုံးဒဏ်များကြားမှအသက်စွန့်ကြိုးပမ်း ကာကွယ်ခကတ်သောကြောင့်ဖြစ်ပါသည်။

ယင်းသို့ဖြင့် အိင်္ဂလိချ်အစိုးရနှင့် ဆင်းထုတော်များ လိုက်တမ်း၊ ပုန်းတမ်းပြီးနိန်ခကတ်ရာမှ ဒုတိယကမ္ဘာစစ်အတွင်းတွင်ဂျပန်ရို့က မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာကတ်ပြန်ရာ အိင်္ဂလိချ်နှင့် ဂျပန်ရို့ကြားမှ တိုက်ပွဲများ၏ဒဏ်ကြောင့် တဖန် အကြီးအကျယ် ပျက်စီးကတ်ရပြန်ပါသည်။ ဖုရားဆင်းထုတော်များနှင့်ပြုလုပ်ထားသည့် ကျည်ဆံ၊ လက်နက်များဖြင့် ဖုရားပုထိုးများ ထပ်မံတိုက်ခိုက်ခံကတ်ရသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရဟိသည့် ၁၉၄၈ ခုနှစ်နောက်ပိုင်း၊ ရခိုင်ပြည်တွင်စစ်လက်ကျန် ကြီးပြောင်းသီးခွံများကို ညောင်ရီအိုးအဖြစ်အသုံးပြုသည့် ယဥ်ကျေးမှုတရပ်ထွန်းကားလာပြန်ပါသည်။ ဘဇာကြောင့်ဆိုသော် အိင်္ဂလိချ်တပ်များစစ်မြီပြင်တွင်အသုံးပြုခကတ်သည့် ယင်းပြောင်းသီးများမှာ ကြီးဖုရားများကိုဖျက်ဆီးပြုလုပ်ထားခြင်းများပါဝင်နိန်ကြောင်း ရခိုင်ပြည်သူပြည်သားများက သိဟိထားကတ်ရာ ဖုရားကိုယ်တော်များကို အနိမ့်အနွမ်းတွင်ထား၍မဖြစ်သဖြင့် ဖုရားပန်းတင်ရန် အသုံးပြုကတ်ခြင်းဖြစ်နိုင်ပါသည်။ ယင်းသို့ဖြင့်ပုံစံတဖြစ်လဲ ရှိဟောင်ဖုရားများကို ဖုရားစင်ထက်တွင်တင်ကာကိုးကွယ်ထားခြင်းတမျိုးလည်း ဖြစ်ပါသည်။

တဆတ်ဆတ်နှင့် အေဂုခေတ်သို့ရောက်လာလတ်ပါသည်။ ကမ္ဘာ့အပြောင်းအလဲနှင့်အညီ မြန်မာနိုင်ငံသည်လည်း အတိုင်းအတာတခုထိ ပြောင်းလဲတိုးတက်လာနိန်ရာ ရခိုင်ပြည်တွင်လည်း ပြောင်းလဲသင့်သလောက် ပြောင်းလဲမှုများ ဟိလာလတ်ပါသည်။ စစ်ပွဲကာလအတွင်းအကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခံလိုက်ရသော ကြီးဆင်းထုတော်ကြီးများကိုကား အစားထိုးလို့ မရနိုင်သည်ကို ထားလိုက်ပါဖို့။ ကျန်ဟိနိန်ခသည့် ရှိဟောင်းကျောက်ဆင်းထုနှင့် အခြားဗိသုကာလက်ရာများမှာလည်း အေဂုခေတ်ထဲတွင်တဖန် ပျက်စီးကတ်ရပြန်ပါသည်။ ယင်းအဖြစ်ကား ရုပ်အဆိုးဆုံးဖြစ်ရပ်ပင်ဖြစ်ပါသည်။ ထင်သာမြင်သာဟိသည့် ဖုရား၊ စေတီ၊ ဂူ၊ ကျောက်၊ တံတိုင်းများမှ ကျောက်တုံးကျောက်ခဲ၊မြီခဲများကိုတူးယူပနာ အိမ်သုံး၊ လမ်းသုံးကျောက်များအဖြစ်ပြုလုပ်ပစ်ကတ်သည်။ ရခိုင်ပြည်တွင်းလမ်းခင်းရန်အတွက်ဟုအကြောင်းပြကာ ရခိုင်ပြည်တွင်းမှ မြောက်များစွာသော ကျောက်ဆင်းထုတော်များကို ဖျက်ဆီးပစ်ကတ်ပြန်ပါသည်။ အချို့ဖုရားများဆိုလျှင် မူလကုန်းမြီနိန်ရာပင်ပျောက်ကွယ်လားဗျာယ်ဖြစ်ပါသည်။ ရခိုင်ပြည်၏အေနိန်ရာများတွင် အေမျှ အေမျှလောက်သော ဖုရားပုထိုးများတည်ဟိနိန်ခကြောင်း သက်သီပြစရာပင် သျှားပါးလာပါသည်။

စာမျက်နှာ ၁၈ သို့

**'နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်' ဝယ်ယူအားပီးသူများ၊ ကူညီဖြန့်ချီပီးသူများ နှင့် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းအား အထူးကျေးဇူးတင်ဟိကြောင်း မှတ်တမ်းတင်အပ်ပါသည်။**

*(စာမျက်နှာ ၁၅ / 'ကျည်ဆံတလှည့် လမ်းတလှည့် 'ဆောင်းပါးမှ အဆက်)*

ဝေသာလီနိန်မြို့မှ ငွေတောင်တံတိုင်းနှင့် မီးကျောင်းစီးဖုရားများ၏ ကုန်းမြို့များဆိုလျှင် မြို့များကိုပါတူးယူဖျက်ဆီးလိုက်ကတ်သဖြင့် အရာပင် မကျန်လိုက်ပါ။ အမှန်မှာဖုရားဆင်းထုတော်များ၏ ကိုယ်တော်များဖြင့် ပြု လုပ်ထားသည့် မြောက်ဦးမှယင်းလမ်းများကို ခြိနင်းရန်ပင် မသင့်တော်ပါ ချေ။ သို့ဖြင့်ဖုရားမြတ်စွာအပေါင်း၏ ကိုယ်တော်များသည် စစ်အီးကာလ တွင် လမ်းခင်းသည့်တာဝန်ကို တဖန် ထမ်းဆောင်ကတ်ရပြန်ခြင်းပင်ဖြစ်ပါ သည်။

မြောက်ဦးမြို့နယ်အတွင်း ဖုရားများ တာဝန်ထမ်းဆောင်နိန် သည့်လမ်းများကို သက်သီပြရပါလျှင် အကျွန်မှတ်မိသလောက် ၂၀၁၀ ခု နှစ်၊ နိုဗမ်ဘာလ ၇ ရက်က စတင်ပြုလုပ်နိန်သည့် ရန်ကုန်–စစ်တွေ အဝီး ပြီးကားလမ်းမကြီး (ဝေသာလီဟြိုပေါင်းနိန်မြို့မှ ဖုရားကုန်းများကို တူးဖို့ ကာ လမ်းတွင်ဖို့ပစ်နိန်ခြင်း)၊ မြို့တွင်းဟိ ညောင်ပင်စျီးရပ်ကွက်မှ ရုံးကြီး လမ်း၊ လက်ကောက်စျီးဖုန်းတော်ကြီးကျောင်းလမ်း ရို့ ဖြစ်ကတ်ပါသည်။ အခြားမမှတ်မိသည့်လမ်းများမှာလည်းဖုရား၊ စေတီ၊ တံတိုင်း၊ သိမ်၊ ကျီ တော်ရာများမှ ကျောက်မျိုးစုံရို့ဖြင့် ပြုလုပ်ထားကတ်သည့် လမ်းများ ဖြစ်ကတ်ပါသည်။




*(ဖုရား၊ ပုထိုး၊ စေတီများကို ဘူဒိုဇာနှင့်ထိုးလျှက် ဖြိုဖျက်ပစ်သည့် မြင်ကွင်းတရပ်)*

ဂေါ်မမြတ်စွာဖုရားသျှင် ပရိတ်နိဗ္ဗာန်ပြုသည့်အခါ ဓါတ်တော်၊ မွီတော်များစွာရို့ ကြွင်းကျန်လိုက်ကတ်ပါသည်။ မြောက်များလှစွာ သော ယင်းဓါတ်တော်၊ မွီတော်များ ဗုဒ္ဓဘာသာထွန်းကားခသည့်၊ ထွန်းကားနိန်သည့် နိန်မြီဒေသများတွင် ပြန့်နှံ့ကိန်းဝပ်စံပါယ်တော်မူကတ် ရာ ဗုဒ္ဓဘာသာကို မျိုးရိုးစဉ်ဆက်အရိုးစွဲယုံကြည်ကိုးကွယ်ကတ်သည့်၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သည့် ဘုရင်အဆက်ဆက်ရို့ သစ္စာတရားများ ဖြင့်ပန္နက်လျှက် တည်ထားကိုးကွယ်ခကတ်သည့် ရခိုင်ပြည်၏ ဖုရားပုထိုး များထဲတွင်လည်းများပြားလှသည့် ယင်းဓါတ်တော်၊ မွီတော်များစွာရို့ ကိန်းဝပ်စံပါယ်တော်မူခကတ်၊ မူနိန်ကတ်ပါသည်။ သို့သော်အေဂုမှာကား မြတ်စွာဖုရားသျှင်၏ ဓါတ်တော်၊ မွီတော် ကိန်းဝပ်စံပါယ်ရာဖုရား၊ ဂူပုထိုး များမှာတဆတ်ဆတ်နှင့်လူလားလမ်း၊ ကားလားလမ်း၊ နွားလားလမ်း များအဖြစ်သို့ တလှည့်ပြောင်းလျှက် တာဝန်ထမ်းဆောင်နိန်ကတ်ရဗျာယ် ဖြစ်ပါသည်။ တာဝန်ထမ်းဆောင်နိန်ကတ်ရသည့် ကာလမှာလည်း ဆယ်စု နှစ်နှင့်ချီလျှက် ကြာမြင့်လာဗျာယ် ဖြစ်ပါသည်။

ယင်းကား ဖုရားများမှာ ဘာသာရေးတာဝန်ပြီးလျှင် ကျည်ဆံ တာဝန်နှင့်လမ်းခင်းတာဝန်များကို တလှည့်စီထမ်းဆောင်နိန်ကတ်ရခြင်း ဖြစ်ပါတည်း။ ဂေါ်မမြတ်စွာဖုရားသျှင် ကိုယ်တော်မြတ်ကြီးသည် ဖုရား အဖြစ်သို့ရောက်ဟိရန်ဘဝပေါင်း(၅၅၀)ကျင်လည်ဖြတ်သန်းခရကြောင်း ဖတ်၊ မှတ်၊ နာကြားဖူးပါသည်။ ဖုရားသျှင်ပရိတ်နိဗ္ဗာန်ပြုပြီးနှစ်ပေါင်း (၂၀၀၀)ကျော်အကြာအေဂုခေတ်တွင်တိုးပွါးလာသည့် 'ကျည်ဆံ' နှင့် 'လမ်း' ဟူသည့်ဘဝနှစ်ခုထဲတွင် ကျင်လည်ရမည့် ကာလသည် ဇာ၍၊ ဇာမျှ ဆက်လက်ကြာနိန်လီဖို့သိလဲ၊ အသူတယောက်လည်း မပြောနိုင် ပါဗျာယ်။ ။

**နှင်းချိုလှိုင် (မြောက်ဦး)**

◆ ◆ ◆ ◆ ◆ ◆ ◆

## ကလောင်သွီးကတ်ပါ

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်*** **သို့ စာမူများပီးပို့နိုင်ကတ်ပြီး စာစောင်တွင် ပုံနှိပ်ဖေါ်ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူ ပီးပို့သူတိုင်းအား 'နိုင်ငံတကာရေးရာသတင်းစဉ်' တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရီကန်ပြည်ထောင်စု အတွင်းတွင်) ပီးပို့လားမည် ဖြစ်ပါသည်။**

**အမေရီကန်ပြည်ထောင်စု ပြင်ပမှ ဆိုပါက စာအုပ်အပြည့်အစုံကို E-Mail မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။**

**ကျေးဇူးတင်ပါသည်။**



**'နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်' (၂၀၁၁) တနှစ်စာ ပေါင်းချုပ် မှာယူလိုသူများ တနှစ်လုံးစာအတွက် (၄၀) ဒေါ်လာ ကြိုတင်ငွီပီးပို့လျှက် မှာယူနိုင်ကတ်ပါသည်။**

**ကျေးဇူးတင်ပါသည်။**

# အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ

***အေအစီအစဉ်သည်ရခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးများ၊ ရခိုင်ကျောင်းသားကျောင်းသူများအနိန်ဖြင့်နိုင်ငံတကာစာနယ်ဇင်းများ၊နိစဉ်ထုတ်သတင်းစာများ၊ကျောင်းသင်ခဏ်းစာအုပ်များတွင်အင်္ဂလိပ်စာဖတ်ရာ၌ပိုမိုသဖေါ်ပေါက်နားလည်ကတ်စီရန်ရည်ရွယ်လျှက်ကြိုးစားဘာသာပြန်ဆိုတင်ဆက်ထားခြင်းဖြစ်ပါရေ။ ကမ္ဘာနန့်ရင်ဘောင်တန်းဗျာယ်ပညာပြည့်ဝ၊ နှလုံးလှရေအာဃ ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးတိဖြစ်လာနိုင်ကတ်ပါစီ။ ။***

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

Civilian: အရပ်သား။ စစ်ဖက်ဆိုင်ရာမှအပ အခြားမည်သူကိုမဆို civilian ဟုခေါ်သည်။

Civitas: နိုင်ငံသား။ (လက်တိန် Latin ဘာသာဝေါဟာရဖြစ်ပါသည်။)

Clan: ဆွေမျိုးစသည်နီးစပ်သည့်လူအုပ်စု။ စာရွီးဆရာများအနိန်ဖြင့် တခါတလီနိုင်ငံရေးတွင် လူသိများထင်သျှားသည့်မိသားစုများအား တင်စားခေါ်ဝေါ်လေ့ဟိပါသည်။ ဥပမာ Kennedy clan စသည်ဖြင့်။

Class: နောက်ခံအကြောင်းတစုံတရာအတွက် များစွာသောလူများ အတူတကွစုပေါင်းထားသော အုပ်စု၊ အတန်းအစား (သို့မဟုတ်) လူတန်းစား။ ထိုသို့ဖွဲ့စည်းထားဟိသောအုပ်စုသည် ယေဘုယျအားဖြင့် တူညီသောနောက်ခံအခြေအနေ တမည်တရည်ဟိကတ်သည့်အုပ်စု ဖြစ်ကတ်ပါသည်။ ယင်းသည်အလုပ်အကိုင်ကြောင့်လည်းကောင်း၊ တူညီသောလူမှုရေးဆိုင်ရာ အဆင့်အရည်ကြောင့်လည်းကောင်း၊ တူညီသောစီးပွါးရေးဆိုင်ရာ အခြီခံကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် အုပ်ချုပ်သူလူတန်းစား။ အလယ်အလတ်လူတန်းစား။ အလုပ်သမားလူတန်းစား အစဟိသည်ဖြင့်။

Class struggle: လူမှုအဖွဲ့အစည်းတခုအတွင်း မတူကွဲပြားသည့် လူမှုရေးအဆင့်အလွှာများ (သို့မဟုတ်) လူတန်းစားများကြားတွင် ဖြစ်ပွါးပေါ်ပေါက်သည့် အငြင်းအချက်၊ ပြဿနာ။ ကားလ်မာ့က်စ်၏ အယူအဆတွင်လူ့အဖွဲ့အစည်း၌ ခနဥစ္စာပစ္စည်းများပိုင်ဆိုင်သူ 'အရင်းသျှင်လူတန်းစား' နှင့် ဥစ္စာခနပစ္စည်းမဟိသူ ဆင်းရဲသည့် 'ပစ္စည်းမဟိသူလူတန်းစား' ဟူ၍အဓိကကျသည့် လူတန်းစားနှစ်ရပ်ခွဲခြားထားဟိပြီး ယင်းအရင်းသျှင် (သို့မဟုတ်) ဗျူရိုခရက်လူတန်းစားများ၏ သွီးစုပ်ချယ်လှယ်မှုကြောင့် ဆင်းရဲသားလူတန်းစားများ အမြဲတမ်းပင် နလံမထူနိုင်ဖြစ်ကတ်ရသည်။ ယင်းကြောင့်ဆင်းရဲသောအလုပ်သမားလူတန်းစားများအနိန်ဖြင့် လူ့အဖွဲ့အစည်းအတွင်း ရှိတန်းနိန်ရာများသို့ ရောက်ဟိလာမှသာလျှင်ယင်းလူ့အဖွဲ့အစည်းတိုးတက်ကောင်းမွန်မည်ဟု ယူဆယုံကြည်သည့် အယူအဆ။ ဝါဒ။ သို့သော်မာ့က်စ်ဝါဒီများ၏ များစွာသောယေဘုယျအားနည်းချက်များကြောင့် ယင်းဝါဒသည် နှစ်ဆယ်ရာစုနှောင်းပိုင်းတွင် ကျဆုံးမှုများကို ကြုံကတ်ရလီသည်။

Classical economics: လူတိုင်းလူတိုင်းကိုသူ့ရို့လိုချင်ရာသူ့ရို့ ရယူပိုင်ဆိုင်ရေးကိုခွင့်ပြုခြင်းသည်ပင်လျှင် စီးပွါးရေးတိုးတက်မှုတွင် အကျိုးသက်ရောက်ဆုံးဖြစ်သည်ဟူသည့်အယူအဆ။ အေဝါဒတွင်အချင်းချင်း ယှဉ်ပြိုင်မှုကို အသားပီးထားသည်။ ယင်းကြောင့် classical economics သည် နိုင်ငံအစိုးရမှ စီးပွါးရေးလုပ်ငန်းများအားချုပ်ကိုင်ထားမှုကို မနှစ်သက်၊ သဖေါမတူသည့်ဝါဒဖြစ်သည်။ အေစီးပွါးရေးသီအိုရီသည် ၁၈ ရာစုမှသည် ၂၀ ရာစုနှစ်အထိကမ္ဘာ့စီးပွါးရေးလောကတွင်အဓိကသီအိုရီတရပ်အဖြစ် ရပ်တည်သည်ဟုလည်းဆိုပါသည်။ ယင်း classical economics အယူအဆမျိုးကို Adam Smith ၏ Wealth of Nations (၁၇၇၆) စာအုပ်တွင်လည်းကောင်း၊ John Stuart Mill ၏ Principles of Political Economy (၁၈၄၈) စာအုပ်တွင်လည်းကောင်း၊ David Ricardo (၁၇၇၂–၁၈၂၃)၏ တင်ပြမှုများတွင်လည်းကောင်း တွိမြင်နိုင်ကတ်ပါသည်။

Clemency: အကြင်နာတရား။ ဆန့်ကျင်ဖက်ပြုသူ (သို့မဟုတ်) ရန်သူအားခွင့်လွှတ်၊ ခွင့်ပြုလိုက်လျှော့မှုများပြုလုပ်ခြင်း။

Closed shop: လုပ်ငန်းခွင်ဟိလူအားလုံးသည် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များဖြစ်နိန်ကတ်ရသည့် လုပ်ငန်းခွင်တရပ်။ ယင်းအခြေအနေ (သို့မဟုတ်) ယင်းဖြစ်စဉ်မျိုးအားစာပုံနှိပ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်အများဆုံးတွိရလေ့ဟိပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ၁၉၄၇ ခုနှစ်ကပြဌာန်းခဲ့သည့် ထပ်ဖ်–ဟာ(ထ)လေ (Taft-Hartley) ဥပဒေသည်ယင်းဖြစ်စဉ်ကိုဆန့်ကျင်သည့် ဥပဒေတရပ်ဖြစ်ပါသည်။

Closure: အကြောင်းတစုံတရာအား (သို့မဟုတ်) အကြောင်းတစုံတရာကြောင့်ပြည်သူ့လွှတ်တော်တွင်ကြာမြင့်၊ ရှည်လျှားစွာစကားပြောဆိုမှု၊ အဆိုတင်သွင်းမှုတရပ်ပြီးဆုံးလားခြင်း။ (cloture ဟုလည်းခေါ်ပါသည်။) ယင်းအခြေအနေတရပ်ပြီးမြောက်စီရန်မှာ ပြည်သူ့လွှတ်တော်တွင်ထောက်ခံမဲအနည်းဆုံး ငါးပုံ–သုံးပုံ (ဥပမာ လွှတ်တော်အမတ် ၁၀၀ ဟိသည့်ပြည်သူ့လွှတ်တော်၌ ထောက်ခံမဲ ၆၀) ရဟိရမည်ဖြစ်ပါသည်။

Coalition: မဟာမိတ်အဖွဲ့။ ပါတီ (သို့မဟုတ်) အဖွဲ့အစည်း (သို့မဟုတ်) တိုင်းနိုင်ငံများပူးပေါင်းဖွဲ့စည်းခြင်း။ ဥပမာအားဖြင့် ၂၀၀၁ ခုနှစ်အတွင်းက အမေရိကန်ဦးဆောင်သည့်မဟာမိတ်အဖွဲ့သည် အာဖဂန်နီစတန်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်ခ ကတ်ပါသည်။

Code: တရားစီရင်ရေးရေးဆိုင်ရာ စနစ်တကျဖွဲ့စည်းထားဟိသည့် ဥပဒေသ။ ဥပမာအားဖြင့်ရာဇဝတ်မှုခင်းဆိုင်ရာဥပဒေသ။ ပြည်သူ့နီတိဆိုင်ရာဥပဒေသ။

Codification: ဥပဒေသတခုအတွင်းတွင် နည်းဥပဒေဆိုင်ရာများအားစီမံခန့်ခွဲခြင်း။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

***(လစဉ် မပျက်မကွက် ဆက်လက်တင်ဆက်လားမည်ဖြစ်ပါသည်။)***

The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

**ရက္ခိုင့်လူ့အဖွဲ့အစည်း အမြဲပြုသတင်းစဉ် ဖြစ်ပါသည်။**


**Editors Group:**

**Oo Thein Maung**

**Lwon Pi**

**Ni Tauk Kray**

**ဆက်သွယ်ရန်လိပ်စာ**

1107 S Washington St.
Wheaton, IL 60189
U.S.A.

☎1-630-682-3616 (Home)

☎1-331-225-7720 (Cell)

theai2011@hotmail.com


ကွန်ဂိုဒီမိုကရက်ထိ(ခ်)သမ္မတနိုင်ငံသည် အာဖရိကတိုက် အရှိအလယ်ပိုင်းတွင် အီကွေတာကိုဖြတ်လျှက်တည်ဟိပြီး အာဖရိကတိုက်၏ အကြီးဆုံးနိုင်ငံများထဲတွင် တခုအပါအဝင်ဖြစ်သည်။ ၁၄၈၀ ခုနှစ်ဝန်းကျင်တွင်ပေါ်တူဂီရို့ကွန်ဂို၌ စီးပွါးရေးလုပ်ငန်းစတင်လုပ်ကိုင်သည်။၁၈၇၆ နောက်ပိုင်းတွင်ဘယ်လ်ဂျီယံရို့ ကွန်ဂိုဒေသသို့ဝင်ရောက်လာကတ်ပြီး၁၈၈၅ခုနှစ်တွင်ဘယ်လ်ဂျီယံဘုရင်အားသစ္စာတော်ခံထားလျှက်လွတ်လပ်သောကွန်ဂိုနိုင်ငံကိုစတင်တည်ထောင်သည်။ ၁၉၆၀တွင်လွတ်လပ်ရေးရဟိသည်။၁၉၆၅ တွင်မိုဘူတူဦးဆောင်သည့်စစ်ဖက်အာဏာသိမ်းမှုပေါ်ပေါက်ပြီးစစ်အစိုးရသည် ၁၉၇၁တွင် နိုင်ငံနာမည်အား‘ဇိုင်ယာ’(Zaire)ဟုပြောင်းလဲလိုက်သည်။၁၉၉၇ခုနှစ်တွင် လောရန့်ကာဘီလာဦးဆောင်သည့် အာဏာသိမ်းမှုထပ်မံဖြစ်ပွါးပြီးနိုင်ငံနာမည်အားကွန်ဂိုဟုပြောင်းလဲလိုက်ပြန်သည်။ နိုင်ငံကြီးသလောက်စီးပွါးရေးအရင်းအမြစ်များလည်းအားကောင်းသည့်ကွန်ဂိုတွင်ပြည်တွင်းငြိမ်သက်မှုများအားနည်းနိန်တုန်းပင်ဖြစ်ပါသည်။

**တရားဝင်အမည်။** ။ ကွန်ဂိုဒီမိုခရက်ထိ(ခ်)သမ္မတနိုင်ငံ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၆၀

## ကွန်ဂိုဒီမိုခရက်ထိ(ခ်)သမ္မတနိုင်ငံ

## (Democratic Republic of the Congo)








**ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ**

**မြို့တော်။** ။ ကိန်သျှာစာ

**လူဦးရေ။** ။ ၅၂.၈ သန်း

**လူဦးရေသိပ်သည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၆၀ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၂၃ ယောက်)

**အကျယ်အဝန်း။** ။ ၉၀၅ ၅၆၃ စတုရန်းမိုင် ( ၂၃၄၅၄၁၀ စတုရန်းခီလိုမီတာ)။

**ပြောဆိုသည့်ဘာသာစကား။** ။ ကီဆွာဟီလီ၊ တီသျှီလူဘာ၊ ကီကွန်ဂို၊ လိန်ဂါလာ၊ ပြင်သစ်။

**ကိုးကွယ်သည့်ဘာသာ။** ။ ရိုမန်ခက်သလိ ၃၇ ရာနှုန်း၊ ပရိုတက်စတိန့် ၁၃ ရာနှုန်း၊ မိရိုးဖလာ ကိုးကွယ်ယုံကြည်မှု ၅၀ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ဘန်တိုနှင့်ဟာမိတိ ၄၅ ရာနှုန်း၊ အခြား ၅၅ ရာနှုန်း။

**အစိုးရ။** ။ အသွင်ကူးပြောင်းဆဲအစိုးရ။

**ငွေကြေးယူနိ။** ။ ၁ ကွန်ဂိုလိစ် ဖရန့်လျှင် ၁၀၀ စိန်တီမေ။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၆၃ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၁၅၃၅ ခယ်လိုရီ။

တန်ဖိုး ၇ ဒေါ်လာ

*လာမည့် **နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်** တွင်ဖေါ်ပြရန်အတွက် မိုးညို (M. Ed-EA) ဘန် ကောက် ၏ “ရီခန်းငါး (သို့မဟုတ်) ၂၁ ရာစုရခိုင်ပြည်” (ဆောင်းပါး)၊ ဖြူ(ချီကာဂို) ၏ ‘အရိပ်’ (ကဗျာ) နှင့် ကျော့ကြာညို (ရခိုင်သမီးပျို) ၏ “ရင်ထဲမှာပြည့်ရေတခါက လပ” ဝထု များကို ရွီးချယ်ထားဟိပါသည်။*

*ကျေးဇူးတင်ပါသည်။*

*(အယ်ဒီတာအဖွဲ့)*

၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝီလားမည့် **နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်** များကို စာမျက်နှာ (၁၂) မျက်နှာဖြင့် ထုတ်ဝီလားမည်ဖြစ်ပြီး တန်ဖိုးမှာ တစောင်လျှင် (၅) ဒေါ်လာနှုန်းဖြစ်ပါသည်။

အားလုံးကို အထူးကျေးဇူး တင်ဟိပါသည်။

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တနှစ်တာအတွက် ပုဂ္ဂိုလ် (မောင်သာပေါ်-ရမ်းဗြဲ) | ၁ |
| အယ်ဒီတာ့စကား | ၂ |
| ဒီဇိမ်ဘာလ | ၃ |
| ဒီဇိမ်ဘာလ ရက်စဉ် ကမ္ဘာ့သတင်းများ | ၄-၆ |
| မြီပုံကြည့်ယက်ပင်းသတင်းဖတ်၊ သတင်းဖတ်ပနာမြီပုံကြည့် | ၁၀-၁၁ |
| ကဗျာများ(ဂီရိတနှစ်ပြည့်အမှတ်တရ၊ အ…ကာလ၊ အဝေ…ဒီဇိမ်ဘာ) | ၇ / ၁၃ |
| ကျည်ဆံတလှည့် လမ်းတလှည့် (နှင်းချိုလှိုင်-မြောက်ဦး) | ၁၄ |
| ရှဒ်ယာ့ဒ်ကိ(ပ)လိန်း | ၁၆ |
| အဆင့်မြင့်အိင်္ဂလိချ်ဝေါဟာရများ | ၁၉ |
| ကွန်ဂိုဒီမိုခရက်ထိ(ခ်)သမ္မတ နိုင်ငံ | ၂၀ |



အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝီသည်။